# ၂၀၂၀ ခုနှစ်
# အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့




## အဖွင့်အမှာစကား


ဒါရိုက်တာ – နော်အိအိမင်း
ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့




ဒီအပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ကမ္ဘာ့ကုလသမဂ္ဂကနေပြီးတော့ နှစ်စဉ်နှစ်တိုင်းဆောင်ပုဒ်တွေချမှတ်ပြီးတော့ ကျင်းပလေ့ရှိပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာဆိုရင် ပွိုင့်ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့နဲ့ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများကွန်ယက်တို့မှ ပူးပေါင်းပြီးတော့မှ နှစ်စဉ်နှစ်တိုင်း ဩဂုတ်လ၉ရက်နေ့အတွက်ဆိုရင် ကျွန်မတို့ကအပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့အခမ်းအနားများကို အမျိုးသားကဇာတ်ရုံကဲ့သို့သော နေရာမျိုးတွေမှာကျွန်မတို့က စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက် နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ ဒီနှစ်မှာကတော့ ကျွန်မတို့ကမ္ဘာ့ကပ်ဆိုးရောဂါခံစားနေရတဲ့ ကိုဗစ်၁၉ကြုံတွေ့နေရတဲ့ကာလဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့အရင်ကလို ဌာနေတိုင်းရင်းသားလူထုအများကြီး ပူးပေါင်းပါဝင်နိုင်တဲ့အစီအစဉ်ကနေပြီးတော့မှ အနည်းဆုံးတော့ ကျွန်မတို့ဌာနေတိုင်းရင်းသားများနေ့နဲ့ သက်ဆိုင်တဲ့ အရေးပါတဲ့ကဏ္ဍတွေကို ဖော်ထုတ်နိုင်ဖို့ ဒီအွန်လိုင်းအစီအစဉ်လေးကို စီစဉ်ဖို့ကျွန်မတို့ဆုံးဖြတ်ပြီးတော့ ဖော်ထုတ်လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ ကျွန်မတို့ဒီနှစ် ဌာနေတိုင်းရင်းသားများနေ့အတွက်တော့ ကုလသမဂ္ဂမှချမှတ်ထားတဲ့ ဆောင်ပုဒ်ဟာဆိုရင် “Covid–19 and Indigenous Resilience” ဖြစ်ပါတယ်

။

မြန်မာလိုဆိုရင်တော့ ဒီဆောင်ပုဒ်ရဲ့အနက်အဓိပ္ပါယ်က “ကိုဗစ်–၁၉ ကပ်ဆိုးရောဂါနဲ့ ဌာနေတိုင်းရင်းသားများရဲ့ ခုခံနိုင်စွမ်း” ဆိုတဲ့အဓိပ္ပါယ်ကို သက်ရောက်ပါတယ်။ ကျွန်မတို့ဌာနေတိုင်းရင်းသားများဟာ မိမိတို့နေထိုင်တဲ့သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာ အမြဲတစေအသက်ရှင်နေထိုင်ခဲ့ကြတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီသဘာဝပတ်ဝန်းကျင်က ပုံမှန်ဥတုရာသီလည်ပတ်နေတဲ့အချိန်မှာ အကောင်းဆုံးအသက်ရှင်နေထိုင်နိုင်ကြပြီးတော့မှ သဘာဝနဲ့လူသားနဲ့ အပြန်အလှန်အကျိုးပြုနေထိုင်ကြတဲ့သူတွေဘဲဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ဒီကမ္ဘာလောကကြီးရဲ့အခြေအနေထဲမှာ လူသားတွေရဲ့ အလွန်အကျွံအသက်ရှင်နေထိုင်မှု၊ မှားယွင်းမှုနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုကြောင့်မို့လို့ ဒီလိုကပ်ဆိုးရောဂါမျိုးကို ကျွန်မတို့က ဒီနေ့အချိန်အခါမှာ ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ ဒီလိုမျိုးသဘာဝပတ်ဝန်းကျင်အပေါ် အစဉ်အမြဲကောင်းကျိုးပေးခဲ့တဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကို ပြန်လည်ပြီးတော့မှ သတိရဆင်ခြင်သုံးသပ်ဖို့ နောက်ပြီးတော့ ဌာနေတိုင်းရင်းသားကိုယ်တိုင်ကရော ကပ်ဆိုးရောဂါမှုကြုံတွေ့နေရမှုမှာ ဘယ်လိုမျိုး စိုးရိမ်ပူပန်မှုတွေရှိနေသလဲ၊ မိမိတို့ဘယ်လိုပုံစံနဲ့ ခုခံတွန်းလှန်နေကြသလဲကို အများပြည်သူကို သိရှိစေလိုတာကတစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂကိုယ်တိုင်က ကိုယ်တိုင်သတ်မှတ်ကျင်းပရတဲ့ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့မှာ ဌာနေတိုင်းရင်းသားများတွေ လိုအပ်ချက်တွေကို သက်ဆိုင်ရာဆုံးဖြတ်ချက်ချမှတ်သူ၊ အထူးသဖြင့် အစိုးရဌာနအသီးသီး သိသင့်သိထိုက်တဲ့အကြောင်းအရာတွေကို မူဝါဒရေးရာ လျှောက်လဲတောင်းဆိုရာတွင်သော်လည်းကောင်း စတဲ့ရည်ရွယ်ချက်တွေနဲ့ ဒီအပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ဆိုင်ရာ သတင်းအချက်အလက်တွေကို အကောင်းဆုံးမျှဝေပေးနိုင်ဖို့ ဒီနေ့အစီအစဉ်ကို ပြင်ဆင်ထားရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဒီမှာရှိတဲ့ လူကြီးမင်းများ၊ ဌာနေတိုင်းရင်းသားခေါင်းဆောင်များ၊ အစိုးရမင်းအာဏာပိုင်များနဲ့ ဆက်ဆိုင်တဲ့သူအယောက်စီတိုင်းက မိမိတို့ရဲ့တန်ဖိုးရှိတဲ့အချိန်ကို ကျွန်မတို့ဌာနေတိုင်းရင်းသားများနေ့ သတင်းအချက်အလက်များအတွက် နားထောင်ပြီးတော့မှ ပူးပေါင်းပါဝင်ခြင်းအားဖြင့် ကျွန်မတို့ကို အားပေးကူညီပံ့ပိုးပေးဖို့ အထူးမေတ္တာရပ်ခံချင်ပါတယ်။

ကျွန်မတို့ဒီနေ့အစီအစဉ်ကို အွန်လိုင်းကနေဘဲ ပွိုင့်ကနေပြီးတော့ လုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ တခြားတခြားသော

ကွန်ယက်တွေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ နောက်ပြီးတော့မှ ရပ်ရွာထဲမှာမှ ဌာနေတိုင်းရင်းသားကိုယ်တိုင်ကဒီလို ဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ လုပ်တဲ့အစီအစဉ်တွေလည်း သူ့ရဲ့ဒေသအသီးသီးမှာ လုပ်နိုင်တဲ့ အခန်းကဏ္ဍကဖော်ဆောင်သွားဖို့ရှိတဲ့အတွက် ဒီအပိုင်းနဲ့ပတ်သက်တဲ့သတင်းအချက်အလက်ကိုတော့ နောက်ပိုင်းမှာ ဆက်လက်ပြီးတော့မှ တင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို ပွိုင့်–ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ရဲ့ တင်ဆက်မှုနဲ့တကွ နောက်ပိုင်းမှာတင်ဆက်လာမဲ့ သတင်းအချက်အလက်တွေအားလုံးကို ဆက်လက်ပြီးတော့မှ ပူးပေါင်းပြီးတော့မှ ကျွန်မတို့နဲ့အတူ ပါဝင်ပြီးတော့ လက်တွဲပေးဖို့ ကျွန်မအနေနဲ့ ဖိတ်ခေါ်ပေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါရိုက်တာ – နော်အိအိမင်း
ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့






ခနဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ကိုဣန္ဒမှ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့အတွက်ကဗျာတစ်ပုဒ်ရွတ်ဆိုခြင်း၊

တည်ထောင်သူနဲ့တီထွင်သူ
တည်ထောင်ကြတယ်ဆိုတာ
ကျူးကျော်သူတွေမဟုတ်ဘူး။

မူလဘူဒနေထိုင်ကြသူတွေ
ကိုယ်ပိုင်မြေကြီး
ကိုယ်တိုင်စားတယ်
ယက်လုပ်တယ် ဝတ်ဆင်တယ်
မျိုးစေ့ချတယ်
ကိုယ်တိုင်စိုက်ပျိုးပြီးနေထိုင်တယ်
ရေရှည်အနာဂတ်ကိုတည်ထောင်တယ်။

တကယ့်ကျူးကျော်သူတွေဆိုတာ
ဓါတုတွေကိုစားတယ်
နီယွန်မီးတွေ၊ ဆိုဖာတွေပေါ်မှာ
မောက်မာတယ်၊ ဗိုမ်ခံကြတယ်

စာရွက်စာတမ်းတွေနဲ့
နယ်ချဲ့စီမံကိန်းတီထွင်တယ်
ဌာနေတိုင်းရင်းလူထုတွေရဲ့
မျက်ရည်နဲ့သွေးကို သူတို့ကြိုက်တယ်။


နောက်ဆုံးတော့
စက်ရုံတွေတီထွင်တယ်
ဈေးကွက်ကို တီထွင်တယ်
လွှတ်တော်ကိုကျ တီထွင်တယ်
မဲရုံတွေ တီထွင်တယ်။

ပျက်သုဉ်းခြင်းကိုသာ
ကျူးကျော်သူတွေ တီထွင်တယ်

ဣန္ဒ



# အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့အပေါ် ဌာနေတိုင်းရင်းသားများ၏ ရင်တွင်းစကားသံများ



## မနုဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ကိုသိန်းသန်းထွန်း

ရင်းနှီးမြှုပ်နှံတဲ့ စီမံကိန်းတွေ သတ္တုကုမ္ပဏီတွေလာကြတယ်ပေါ့၊ လာကြတဲ့အချိန် ကျွန်တော်တို့ ဌာနေတိုင်းရင်းသားတွေအနေနဲ့က တအားကြီးအခက်အခဲဖြစ်တယ် ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကျွန်တော်တို့ဒေသကိုလာပြီးတော့ ကျွန်တော်တို့ သဘောထားကိုလည်း မခံယူဘူး၊ သူတို့လုပ်ချင်သလိုလုပ်တယ်၊ ဌာနေတိုင်းရင်းသား တွေကလည်း ဘာမှမသိဘူးပေါ့နော် ကိုယ့်ရဲ့အခွင့်အရေးဘယ်လိုကာကွယ်ရမယ်ဆိုတာ မျိုးပေါ့၊ မပြောရဲမဆိုရဲကြဘူးပေါ့နော်၊ အသိပညာတွေအားနည်းကြတော့။ အဓိကက သူတို့က စားဝတ်နေရေးအတွက်ဘဲ နပန်းလုံးနေရတော့၊ တချို့တွေဆိုထောင်တွေတောင်မှကျတ ယ်ပေါ့၊ ကိုယ့်မြေယာထဲလာလုပ်လို့ပေါ့နော်၊ ဝင်ပြောလို့ပေါ့နော်။ အသိပညာအားနည်းတဲ့အတွက် မဖြေရှင်းတတ်ဘူး၊ နားမလည်တဲ့အတွက် အနိမ့်ခံနေရတယ်၊ ဌာနေတိုင်းရင်းသားအခွင့်အရေးချိုး ဖောက်ခံနေရတယ်။ ကျွန်တော်တို့ဌာနေတိုင်းရင်းသားဒေသတွေကို ဘာကိစ္စဘဲဖြစ်ဖြစ်လာတော့ မယ်ဆိုရင် ဖွံ့ဖြိုးရေးစီမံကိန်းဘဲဖြစ်ဖြစ်၊ အစိုးရစီမံကိန်းဘဲဖြစ်ဖြစ် ဘာဘဲဖြစ်ဖြစ် ဌာနေတိုင်းရင်း သားတွေရဲ့သဘောထား အဓိကရယူစေချင်တယ်၊ ဝင်လာပြီဆိုရင်လည်း ဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကို လေးစားလိုက်နာစေချင်တယ်၊ လေးစားလိုက်နာဖို့လည်းလိုအပ်တယ် ပေါ့။ ဥပမာဆိုရင် ဒီပုံစံ ၇ ပုံစံမျိုးမဟုတ်ဘဲနဲ့ အဲ့လိုဥပဒေမျိုးနေရာမှာ ကျွန်တော်တို့ဌာနေတိုင်းရင်း သားတွေရဲ့သတ်မှတ်ထားတဲ့ရိုးရာဓလေ့စည်းမျဉ်းစည်းကမ်းတွေအဲ့တာမျိုးကိုမြေယာဥပဒေအဖြစ် ပြဌာန်းပေးပြီးတော့ ဌာနေတိုင်းရင်းသားတွေရဲ့ စည်းမျဉ်းစည်းကမ်းဥပဒေတွေ ဖြစ်သွားမယ်ဆိုရင် သူတို့အတွက်ပိုပြီးတော့ လုံခြုံမယ်လို့ ခံစားရတယ်ပေါ့။ အဲ့အတွက်အစိုးရဌာနဆိုင်ရာတွေရော၊ ဥပဒေပြုရေးဘက်ကသူတွေရောပေါ့၊ တခြားတစ်ဖက်ကနေပြီးတော့ အကူအညီပေးသလိုပေါ့ လူ့အ ခွင့်အရေးတို့ ဌာနေတိုင်းရင်းသားအခွင့်အရေးတို့ အဲ့တာတွေကို နိုင်ငံသားအခွင့်အရေးအနေနဲ့ ကာကွယ်ပေးပြီးတော့ တစ်ဖက်မှာလည်း ဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာထုံးတမ်းဓလေ့တွေကို ဥပဒေအဖြစ် ပြင်ပေးမယ်ဆိုရင် ကျွန်တော်တို့အတွက်ကတော့ လုံခြုံတယ်လို့ခံစားရတယ်ပေါ့ အဲ့တာလေးကို တိုက်တွန်းတင်ပြပါရစေလို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## မနုဌာနေတိုင်းရင်းသူတစ်ဦးဖြစ်သူ မလွင်မာအေး

အဓိကက ဌာနေတိုင်းရင်းသားတွေ သဘာဝပတ်ဝန်းကျင် တောတောင်သစ်တောတွေကို အဓိက မှီခိုနေရတယ်ပေါ့နော်။ ဒီတော့ သဘာဝပတ်ဝန်းကျင်တွေကို ထိခိုက်ဆိုးကျိုးပေးစေမဲ့၊ ရာသီဥ တုပြောင်းလဲမှုဖြစ်စေမဲ့၊ မကောင်းတဲ့စီမံကိန်းမျိုး မလုပ်စေချင်ဘူးပေါ့နော်၊ တကယ်လို့ နိုင်ငံတော်အတွက်လုပ်ပေးမယ်ဆိုရင်လည်းဘဲ ဒီဌာနေတိုင်းရင်းသားဒေသတွေမှာ ရှိတဲ့ ဌာနေတိုင်းရင်းသူတိုင်းရင်းသားတွေကို အသိပေးဖို့ပေါ့နော် FPIC လုပ်ပေးပြီး တော့မှ ဌာနေတိုင်းရင်းသားဒေသကလူတွေ တကယ်ခွင့်ပြုမှလုပ်စေချင်တယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့ ဌာနေတိုင်းရင်းသားတွေလည်းဘဲ ဇွဲလုံ့လ ဝီရိယခွန်အားတွေ မလျှော့ဘဲနဲ့ ကိုယ့်ရဲ့ ရည်မှန်းချက်အတိုင်းကိုပေါ့နော်၊ သဘာဝ ပတ်ဝန်းကျင်ချစ်မြတ်နိုးတဲ့သူတစ်ယောက်အနေနဲ့ ရည်မှန်းချက်အောင်မြင်အောင် အတူတကွလက်တွဲပြီးတော့မှ လုပ်ဆောင်သွားကြမယ်လို့ပြောချင်ပါတယ်။



စီးပွားရေးတွေ အရမ်းကိုတိုးတက်လာတဲ့ဒီကမ္ဘာကြီးပေါ်မှာ အရင်းရှင်စီးပွားရေးစနစ်တွေ စီးပွားရေးလုပ်ငန်းရှင်တွေက ကျွန်တော်တို့ဌာနေတိုင်းရင်းသားတွေမှာရှိတဲ့ ရေမြေသယံဇာတတွေကို ကျူးကျော်ခုတ်ထွင်၊ ဒါအားလုံးကလည်း သိတဲ့အတိုင်းဘဲ အဲ့ဒီရဲ့ အဖြစ်အပျက်က ကျွန်တော်တို့ဘက်ကိုလည်းရောက်လာပြီပေါ့၊ သတ္တုတူးတဲ့မိုင်းတွင်းတွေ သူတို့ကြောင့်မို့လို့ ဌာနေတိုင်းရင်းသားတွေ မှီခိုနေရတဲ့ ရေမြေတွေဆုံးရှုံးလာရတယ်၊ ပျက်စီးလာရတယ်ပေ့ါ။ ရာသီဥတုပြောင်းလဲခြင်းမှာ တကမ္ဘာလုံးပူနွေးလာတယ်၊ ဒီနှစ်ဆိုမိုးခေါင်တယ်၊ မိုးအမြဲတမ်းရွာနေတဲ့နေရာမှာ မိုးခေါင်တယ်၊ နောက်တစ်ခု မြေဆီမြေနှစ်တွေ လျော့လာတယ်၊ စိုက်ပျိုးထွက်ကုန်တွေ ဈေးတွေမရဘူး၊ တချို့ဒေသတွေမှာ စိုက်ပျိုးရေးကိုမပြောနဲ့ ရေသောက်ဖို့တောင်အနိုင်နိုင်ပေ့ါနော်၊ အဲ့တာတွေ တစ်ဆတစ်ဆ ရင်ဆိုင်နေရတယ်၊ မြန်မာနိုင်ငံမှာဆိုရင် ကျွန်တော်တို့ထက် ခက်ခဲပင်ပန်းဆင်းရဲတဲ့ ဌာနေတိုင်းရင်းသားတွေရှိဦးမှာပါ၊ မြို့ကြီးတွေပေါ်ကလူတန်းစားတွေ စားဖို့သောက်ဖို့ သူတို့နေဖို့ထိုင်ဖို့ အရင်းအမြစ်တွေအားလုံးက များသောအားဖြင့် ဌာနေတိုင်းရင်းသားဒေသစီကဘဲ လာတယ်ဆိုတော့၊ တချိန်မှာ ဌာနေတိုင်းရင်းသားဒေသကပျက်စီးထိခိုက်လာမယ်ဆိုရင် မြို့ကနေတဲ့ လူဦးရေတွေအတွက်လည်း စိုးရိမ်စရာရှိတယ်ပေ့ါ၊ ကျွန်တော်တို့ရဲ့ ရပ်တည်ခွင့်၊ မူလပိုင်ရှင် ဌာနေတိုင်းရင်းသားတွေရဲ့ နေရာကို စီမံခန့်ခွဲခွင့်ရယ်၊ တခြားပျက်စီးထိခိုက်မှု အန္တရာယ်တွေ၊ ဆုံးရှုံးမှုအန္တရာယ်တွေ မကြုံလာအောင် အစိုးရတွေကကာကွယ်တဲ့ ဥပဒေတွေ၊ တချို့ရှိပြီးသားပေ့ါနော်၊ ဒါပေမဲ့ ထိထိရောက်ရောက်လုပ်ဖို့လိုတယ်၊ သေချာစနစ်တကျနဲ့ ဌာနေတိုင်းရင်းသားတွေ ဂေဟစနစ်တန်ဖိုးတွေ၊ လူ့ယဉ်ကျေးမှုတန်ဖိုးတွေ၊ ဓလေ့တန်ဖိုးတွေကို ပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိဖို့လိုတယ်၊ တကယ်ထိထိရောက်ရောက်ကာကွယ်ပေးဖို့လိုတယ်၊ အဲ့တော့ စီမံဆုံးဖြတ်ပိုင်ခွင့်ကို ပေးဖို့လည်း လိုတာပေ့ါ။ ဌာနေတိုင်းရင်းသားများနေ့က ထင်သလောက် မြန်မာနိုင်ငံမှာ ခေတ်မစားဘူးဖြစ်နေတယ်ပေ့ါ၊ စိတ်မကောင်းဘူးပေ့ါ၊ ဌာနေတိုင်းရင်းသားဆိုတာ အလှသွားကြည့်စရာ၊ အလည်သွားစရာ တစ်ခုဘဲမြင်တယ်ပေ့ါနော်။ တကယ့်အရေးအကြီးဆုံး လူမှုတန်ဖိုးအရ ယဉ်ကျေးမှုတန်ဖိုးအရ ဂေဟစနစ်တန်ဖိုးအရ အရေးကြီးဆုံးဖြစ်ပါလားဆိုတာ မရှိဘူးပေ့ါ၊ ရင်ထဲကစကားကတော့ နောင်လာမဲ့ မျိုးဆက်သစ်တွေကို သိစေချင်ပါတယ်၊ သိပြီးတော့ တန်ဖိုးထားစေချင်တယ်၊ မျိုးဆက်သစ်ဆိုတာက မြို့ပြက ကလေးငယ်တွေရော၊ ဌာနေတိုင်းရင်းသားဒေသမှာရှိတဲ့ကလေးငယ်တွေရော ဌာနေတိုင်းရင်းသား သဘာဝပတ်ဝန်းကျင်တွေရဲ့ တကယ့်အလေးအမြတ်ထားမှုကို ထိထက်ပိုပြီးတော့ ပညာရေးစနစ်မှာသော်လည်းကောင်း၊ တကယ့်အသိအမြင်ဖွင့်လုပ်ငန်းတွေမှာသော်လည်းကောင်း ထက်ပြီးတော့ ဒီထက်ပိုပြီးတော့ သိအောင်လုပ်ဆောင်သင့်တယ်လို့ရင်ထဲကပြောချင်တယ်၊ မဟုတ်ရင်တော့ ကျွန်တော်တို့ ဒီခေတ်ထဲမှာ အရမ်းကြီးကို ထိခိုက်မှုဟာတွေက ဆတိုးဆတိုး၊ ခပ်မြန်မြန်ကို ပျက်စီးဆုံးရှုံးမှုအန္တရာယ်ကို ကြုံတွေ့နေရတယ်ပေ့ါ၊ အဲ့အတွက် ဒီဌာနေတိုင်းရင်းသားစကားလုံးတွေ ခေတ်မစားဘူး၊ အလှကြည့်ဖို့သက်သက်ဘဲဆိုရင်တော့ သေချာပါတယ်၊ အားလုံးရင်ဆိုင်ရမှာတော့ သဘာဝပတ်ဝန်းကျင်ရောလူသားတွေရော ရှေ့ဆက်နေထိုင်ဖို့ ဒီကမ္ဘာကြီးက တော်တော်ကြီးကိုမကောင်းလောက်တဲ့အခြေအနေပေ့ါနော်၊ မသာယာတဲ့အခြေအနေရောက်သွားမယ်။

**ဓနုဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ကိုဣန**






**မနုဌာနေတိုင်းရင်းသူတစ်ဦးဖြစ်သူ မဖြူဇင်သန့်**



ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီးတော့ အခက်အခဲတော်တော်ဖြစ်တယ်၊ သီးနှံအမျိုးတွေ ဆုံးရှုံးမှုတွေဖြစ်တယ်။ သီးနှံရိတ်သိမ်းလို့ရတဲ့အချိန်ဆိုရင် ပျက်စီးတာတွေပေါ့နော်။ ကျွန်မတို့ဒီဌာနေတိုင်းရင်းသားတွေက အဓိကဒီမြေ လွတ်မြေလပ်မြေရိုင်းတွေ သတ်မှတ်ခံထားရတဲ့အထဲမှာပေါ့နော် ဌာနဆိုင်ရာ အစိုးရ၊ ဒီဥပဒေအရပေ့ါနော်၊ အဲ့လိုသတ်မှတ်ခံထားရတဲ့အထဲမှာ ပါတဲ့အခါ ကျတော့ ကျွန်မတို့ ဒီမြေယာကို လုပ်ကိုင်စားသောက်နေရတာကို စိတ်မချဘူးပေ့ါနော်။ ကျွန်မတို့က ဘိုးဘွားပိုင်မြေ အဲ့လိုမျိုး လက်ဆင့်ကမ်းပြီးတော့မှ လုပ်စားလာကြတယ်ဆိုပေမဲ့ ဒီလိုပြင်ပက ကုမ္ပဏီတွေဝင်လာတယ်၊ ပြင်ပ လူတွေ အဖွဲ့အစည်းတွေ ဝင်လာတယ်ဆိုရင် ကျွန်မတို့ မြေယာထိခိုက်မှုတွေ ရှိလာတဲ့အခါမှာ ကျွန်မတို့က ဥပဒေအကာအကွယ်သေချာမရနေဘူးပေ့ါနော်။ ပြီးတော့ ပြဿနာရင်ဆိုင်ကြုံတွေ့ရတဲ့အခါကျတော့လည်း ကျွန်မတို့ဌာနေတိုင်းရင်းသားတွေက ဗဟုသုတနည်းပါးတဲ့အခါကျတော့ အဲ့လိုတွေလည်းအခက်အခဲဖြစ်တယ်။ ပြင်ပကုမ္ပဏီက သဘာဝပတ်ဝန်းကျင်တွေထိခိုက်လာမယ်၊ ကျွန်မတို့မြေယာတွေထိခိုက်လာတယ်ပေ့ါနော်၊ အဲ့လိုမျိုးတွေရှိလာတာ ဒါကျွန်မတို့အတွက် ခြိမ်းခြောက်မှုတွေဖြစ်တယ်ပေ့ါနော်။ အဲ့ဒီမှာ အကာအကွယ်ရမှုတွေ အရမ်းအားနည်းနေတယ်ပေ့ါ၊ အားနည်းတယ်လို့ဆိုတာထက် မရှိသလောက်မျိုးပေ့ါနော်။ အဲ့လိုမျိုးလေးတွေဖြစ်တယ်။မြေယာပိုင်ဆိုင်မှု၊ ဌာနေတိုင်းရင်းသားဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုကို တကယ်ဥပဒေအဖြစ် အသိအမှတ်ပြုပေးပြီးတော့မှ တကယ်လည်းထိထိရောက်ရောက် ကျွန်မတို့ကို ဒီဥပဒေနဲ့ ကာကွယ်ပေးဖို့ အရမ်းလိုချင်တယ်။ ဒီမြေယာက ကျွန်မတို့အစားထိုးပြန်မရနိုင်ဘူး၊ သင်္ချိုင်းတူးပြီးသားနေရာကို အစားထိုးပြန်မရနိုင်ဘူး၊ ပြီးတော့ သင်္ချိုင်းတူးထားခဲ့တဲ့နေရာကိုလည်း ခြံပြန်လုပ်စားလို့မရဘူး၊အပင်ပြန်စိုက်လို့မရတော့ဘူး၊ ကျွန်မတို့ရဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ တကယ့်ဒေသကို ဆင်းလာပြီးတော့ ကျွန်မတို့ရဲ့အသံတွေနားထောင်၊အောက်ခြေအထိဆင်းလာပြီးတော့မှအဲ့လိုမျိုးတွေလာပြီးတော့ ကြည့်ပါပေ့ါနော်။ ဥပဒေတွေကို ပြဋ္ဌာန်းလိုက်တယ်ဆိုတာကို ကြားဘဲကြားလိုက်တယ်၊ တကယ့်တကယ်တမ်း အဲ့နေရာမှာ ကျွန်မတို့မပါနေသလို၊ ဥဒေတွေပြဋ္ဌာန်းလိုက်တာကိုလည်း မသိမိလိုက်ကြဘူး။ သင်္ချိုင်းတွင်းနဲ့ပတ်သက်တဲ့ဟာ တချို့ဆိုရင်ကျွန်မတို့မြေယာတွေကို ပြန်ငြင်းပိုင်ခွင့်မရှိတဲ့ဟာတွေပါတယ်၊ ကျွန်မတို့ဘက်က ဆုံးရှုံးနစ်နာမှုတွေပါတယ်၊ တကယ်တမ်းကျွန်မတို့ မြေယာတွေလုပ်စားနေတယ်၊ ကျွန်မတို့ရွာထဲကလူတွေ အဲ့သင်္ချိုင်းထွက်တဲ့ ဒေသတွေမှာဆိုရင် တစ်ယောက်မှမပါဘူးပေ့ါနော်၊ အဲ့တာဆိုရင် ဒီဥပဒေပြဋ္ဌာန်းလိုက်ပြီ ပြီးသွားပြီ၊ ကျွန်မတို့လည်း ဘာမှပြောပိုင်ခွင့်မရှိဘူး၊ တကယ်ပြဿနာတက်လာရင် သူတို့ခံရတာမဟုတ်ဘူး ကျွန်မတို့ခံရတယ်။ ဌာနေတိုင်းရင်းသားတွေက မြေယာပြဿနာကြုံလာရင်ဘာမှမသိဘူးပေ့ါနော်။ ဌာနဆိုင်ရာတွေရောဆင်းလာပြီးတော့မှ ကျွန်မတို့ဌာနေတိုင်းရင်းသားတွေနဲ့ မျက်နှာချင်းဆိုင် စကားဝိုင်းတွေနဲ့ပြောပြီး တိုင်တိုင်ပင်ပင်လေးတော့ လုပ်သင့်ပါတယ်။

## ငဖဲမြို့နယ် အရှိုချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှုရေးရာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဆလိုင်းမောက်မောက်ကျော်



ဌာနေတိုင်းရင်းသားများရဲ့ အခွင့်အရေးကို ဖော်ဆောင်ပေးတဲ့ UNDRIP ကနေပြီးတော့မှ ဒီဌာနေတိုင်းရင်းသားများနေ့နှင့်အတူ ကျွန်တော်တို့ဌာနေတိုင်းရင်းသားများရဲ့အခွင့်အရေးများကို ပြောဆိုဆွေးနွေး ဟောပြောခွင့်ရတဲ့အတွက်ကြောင့်လည်း အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကမ္ဘာနှင့် အဝှမ်းရှိနေသော ဌာနေတိုင်းရင်းသားများဟာ မိမိတို့ ဆုံးရှုံးနေတဲ့အခွင့်အရေးများကို ဌာနေတိုင်းရင်းသားများနေ့မှာ အတူနှီးနှောဖလှယ်လို့ရရှိတဲ့ အခွင့်အရေးများလည်း ရှိပါတယ်၊ အဲ့တာကြောင့် ဌာနေတိုင်းရင်းသားများနေ့ကို အထူးဘဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ရဲ့ရိုးရာဓလေ့အရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသော သစ်တောမှာ နေထိုင်ရခြင်းဟာ ကျွန်တော်တို့အတွက် တန်ဖိုးမဖြတ်နိုင်သောအရာဖြစ်ပါတယ်။ ယခင့်အချိန်ကတည်းက ကျွန်တော်တို့ရဲ့ ရှေးကျဆုံးသော အသက်မွေးဝမ်းကျောင်းဟာ ရိုးရာဓလေ့တောင်ယာစနစ်များဖြစ်ပါတယ်၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းများဖြစ်ပါတယ်။ အခုလက်ရှိရေးဆွဲနေသော Land Use Policy နောက်ပြီး သစ်တောဥပဒေ၊ နည်းဥပဒေများကို အကောင်အထည်ဖော်တဲ့အခါမှာ အထူးဖြင့် အဂတိလာဘ်ပေလာဘ်ယူကိစ္စတွေ နည်းနိုင်သမျှနည်းမှ၊ အဲ့ကနေတဆင့် ပပျောက်သွားအောင်ဆောင်ရွက်စေချင်ပါတယ်။ တရားမဝင်သစ်ခိုးထုတ်ခြင်းကိစ္စ၊ သစ်ရောင်းဝယ်ခြင်းကိစ္စကို တိတိကျကျ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သဘာဝဝန်းကျင် ထိန်းသိမ်းရေးအတွက်လည်း ပိုမိုအားကောင်းလာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ထိုနည်းတူစွာ ICCA ကိုတရားဝင်အသိအမှတ်ပြုပြီးတော့မှ လေးစားလိုက်နာမှုရှိမယ်ဆိုရင်လည်းဘဲ ကျွန်တော်တို့ သဘာဝဝန်းကျင်ကို ပိုမိုပြီးတော့မှ အားကောင်းလာစေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ အားလုံးဘဲ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

## သံတောင်ကြီးမြို့နယ် ဂေဘားကရင်ရေးရာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ စောဂျူးနစ်

အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ ဖြစ်ပေါ်လာခြင်းကို အများကြီးဂုဏ်ယူဝမ်းမြောက်ပါတယ်။ ဌာနေတိုင်းရင်းသားတွေ ပိုင်ဆိုင်တဲ့ မြေယာသစ်တော၊ ရိုးမတောင်တန်းကြီးတွေ၊ ဌာနေတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ ဓလေ့ထုံးစံတွေကို ဒီတာဝန်ရှိတဲ့ အစိုးရအနေနဲ့ ဥပဒေတစ်ရပ်ပြဌာန်းပြီးတော့ ကာကွယ်သင့်တယ်လို့မြင်ပါတယ်။ ဒီနှစ်က မိုးကလည်းနည်း၊ မိုးကလည်းနည်းတော့ ဒီတောင်ယာစိုက်ခင်းတွေလည်း ဖြစ်မြောက်မှုနည်းပါတယ်၊ အဲ့ဒီအပြင်ကို ဒီကြွက်တွေ တောင်ယာစပါးတွေ သီးနှံတွေကိုဖျက်စီးတဲ့ ကြွက်တွေဝင်လာပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကိုဗစ်ကာလမှာတောင်ပေါ်ဒေသမှာရှိတဲ့ ဌာနေတိုင်းရင်းသားတွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေဖြစ်ပါတယ်။ နိုင်ငံတော်ကဖြစ်စေ အလှူရှင်မှဖြစ်စေ တတ်နိုင်သလောက်ကူညီပေမဲ့ ဒါကတော့ ကျွန်တော်တို့လုံလောက်တဲ့ ကူညီမှုတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရိုးရာဓလေ့အရ ရောဂါကာကွယ်တားဆီးခြင်းတွေ အခက်အခဲတွေကို ကျော်ဖြတ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ဌာနေတိုင်းရင်းသားတွေရဲ့ စားဝတ်နေရေးဆိုလည်း ဒီတောတောင်တွေထဲမှာနေထိုင်တဲ့ ဌာနေတိုင်းရင်းသားတွေအတွက် ဒီတန်ဖိုးမဖြတ်နိုင်တဲ့ တောတောင်ရေမြေတွေကို အစိုးရဖြစ်စေ၊ တာဝန်ရှိတဲ့သူများဖြစ်စေ ပါဝင်ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားနေ့မှာ တင်ပြတောင်းဆိုပါတယ်။ ကျေးဇူးတင်ပါတယ်။



## အရှိုချင်းဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ဆလိုင်းရန်နောင်ထွန်း



ဩဂုတ်လ ၉ရက်နေ့မှာ ကျရောက်မဲ့ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသား များနေ့ကို ကျွန်တော် အရှိုချင်းဌာနေတိုင်းရင်းသား ဆလိုင်းရန်နောင်ထွန်းမှ လိုက်လဲစွာကြို့ဆိုပါတယ်။ မျိုးနွယ်စုကြီးများပါမကျန် မျိုးနွယ်စုငယ် လေးတွေအတွက်ပါ ကျွန်တော်တို့အားလုံးခြုံငုံမိအောင် သတ်မှတ်ပေးတဲ့ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့အဖြစ် နေ့ထူးနေ့မြတ် သတ်မှတ်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မှီခိုနေရတဲ့ ပုံစံကတော့ တကယ်တမ်းအရှင်းဆုံးပြောရမယ်ဆိုရင် မြေရှိမှ ကျွန်တော်တို့လူမျိုးရှိမယ်၊ ရေရှိမှ ကျွန်တော်တို့ မျိုးနွယ်စုတွေ၊ ဒီမှာဌာနေတိုင်းရင်းသားတွေရပ်တည်နိုင်မယ်၊ မြေရှိဖို့ရေရှိဖို့ဆိုတာက ဒီသစ်တောကြီးတွေရှိမှဘဲ မပျက်မစီးဘဲ နဂိုအတိုင်းရှိမှဘဲ ဖြစ်နေမှာပေ့ါ။ အဲ့တော့ ဘယ်လောက်အရေးကြီးလဲဆိုရင် ဒီတောတောင်ကြီးတွေ သဘာဝပတ်ဝန်းကျင်ကိုမထိန်းဘူးဆိုရင် ကျွန်တော်တို့နောင်ရှေ့ဆက်နေဖို့ မလွယ်သလောက်ကိုထင်တယ်။ ထိန်းသိမ်းကာကွယ်နေရတဲ့ပုံစံကတော့ အမျိုးမျိုးဘဲ။ ဂေဟစနစ်မပျက်စီးအောင်ထိန်းသိမ်းရတယ်။ ပေ့ါဆမီးတွေ၊ ပေ့ါဆတဲ့မီးတွေထက် ရွှေ့ပြောင်းတောင်ယာစနစ်ကို စည်းကမ်းမဲ့ခုတ်တဲ့ပုံစံမျိုးတွေ။ အဓိကကတော့ ဂေဟစနစ်ဆိုတာဘာလဲဆိုတဲ့အသိတရားအားနည်းမှုတွေ၊ ဒီလိုပုံစံမျိုးတွေနဲ့ ထိန်းသိမ်းနေရတယ်။ အသိပေးပညာပုံစံမျိုးနဲ့ဘဲသွားလို့ရနေတယ်။ အခက်အခဲကတော့ဗျာ အမှန်အတိုင်းပြောရမယ်ဆိုရင် မူးယစ်ဆေးထွက်တဲ့ပြဿနာဘဲ။ ဒီမူးယစ်ဆေးတွေ မပပျောက်သရွေ့ ကျွန်တော်တို့စီမှာရှိတဲ့ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ အရှိုချင်းဌာနေတိုင်းရင်းသားများအနေနဲ့ကတော့ တော်တော်ကို ခက်ပါ့ဦးမယ်။ အဲ့ဒီတော့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေလည်း တဖြေးဖြေးနဲ့ဆုတ်ယုတ်သွားမဲ့ပုံစံမျိုးတောင်မှ မြင်ရတယ်ပေ့ါနော်။ အဲ့လိုမျိုးပုံစံတွေရှိတယ်။ ကာကွယ်တဲ့ပုံစံမျိုးကတော့ တခါတလေ သစ်တောဦးစီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သလိုဘဲ တခါလည်း ကိုယ့်နည်းကိုယ့်ဟန်ပုံစံမျိုးနဲ့ ကာကွယ်ရတာပေ့ါ။ ကာကွယ်ရတဲ့ အချိန်မျိုးတွေမှာ အန္တရာယ်တွေလည်းအများကြီးရှိတယ်။ ပိုဆိုးလာတဲ့အနေအထားမျိုးကတော့ အဓိကကတော့ ရေပါဘဲ။ ဒီနှစ်ဆိုရင်တော့ စံချိန်တင်ပါဘဲ မိုးခေါင်တာတို့ ရေရှားတာတို့။ အဲ့တာကြောင့်လည်း ရှေ့ဆက်လုပ်ရမဲ့လုပ်ငန်းစဉ်တွေ ဘယ်လိုလုပ်ကြမလဲ၊ ဒီသစ်တောကြီးတွေဟာ ဘယ်လောက်ကျွန်တော်တို့ကို အကျိုးပြုသလဲဌာနေတိုင်းရင်းသားတွေအတွက် မြေယာဟာဘယ်လောက်တန်ဖိုးရှိသလဲ၊ မြေမရှိရင် ရေမရှိရင်ဒီတောတောင်ကြီးသာမရှိရင် ကျွန်တော်တို့ရဲ့ မျိုးနွယ်စု ကျွန်တော်တို့ရဲ့ဌာနေတိုင်းရင်းသားတွေဟာ နေစရာမရှိတော့ဘူး၊ မြေပြန့်ပိုင်းကိုသွားနေမယ်ဆိုရင်လည်း သိန်းတစ်ရာ ရလည်းခဏဘဲကုန်မှာ အစရှိသည်ဖြင့်ပေ့ါ။ အဓိကကတော့ လူငယ်ပိုင်းနဲ့ကလေးပိုင်းကိုပြောတာများပါတယ်။ ကျောင်းသုံးပစ္စည်းလေးတွေ သွားလှူရင်း၊ သူတို့ဆုံတဲ့အချိန်၊ ဆွေးနွေးပွဲလေးတွေလုပ်တဲ့အချိန်ပေ့ါ။ အစိုးရဌာနကိုလည်း သက်ဆိုင်သူတွေများကိုလည်း ကျွန်တော် နည်းနည်းအကြံပြုလိုပါတယ်။ ဘာလို့လဲဆိုတော့ အခုလာတော့မဲ့ နောက် ၂၀၂၁မှာ လူထုဗဟိုပြုစီမံကိန်းပေ့ါ။ ဒါလာရင်ကျွန်တော်တို့ ဒေသနဲ့ ကိုက်ညီတဲ့ လုပ်ငန်းပေ့ါ။ ဖွံ့ဖြိုးရေးတစ်ခုလုပ်တယ်ဆိုရင် အကောင်းနဲ့အဆိုးနဲ့က ဒွန်တွဲနေတာပေ့ါ။ ဥပမာ လမ်းတွေဖောက်မယ်၊ တံတားတွေဆောက်မယ်၊ တကယ်ဒီရွာမှာဘာလိုအပ်သလဲ။ ဌာနေတိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေရော ဘယ်လောက်အထိဆုံးရှုံးသွားနိုင်မလဲ၊ သူ့ဒေသမှာရှိတဲ့ ဥပမာလမ်းတွေဖောက်ပြီးတော့ မြေဈေးတွေတက်၊ မြေဈေးတွေဝယ်ပြီးတော့မှ မြေလွတ်မြေရိုင်းဆိုပြီးတော့ လျှောက်တာတွေပေါက်မယ်။ အမြဲတမ်းဖြစ်နေတဲ့ပြဿနာဘဲ။ မြို့နယ်ရုံးတို့ ခရိုင်ရုံးတို့မှာ မြေလွတ်မြေရိုင်းပေါက်နေတယ်။ တကယ်တမ်း ဌာနေတိုင်းရင်းသားစီမှာက မြေလွတ်မြေရိုင်းဆိုတာရှိမှမရှိဘဲ မြေကွက်ဆိုတာ သူ့မြေကွက် ဘိုးဘေးဘီဘင် အဆက်ဆက်ကနေ ၁၉၀၀၊ ၁၈၀၀ကတည်းက ဒီမှာနေလာကြတဲ့ ဌာနေတိုင်းရင်းသားနေရာမှာ မြေလွတ်မြေရိုင်းဆိုတာမရှိဘူးလို့ပြောချင်ပါတယ်။ တကယ်တမ်းမြေလွတ်မြေရိုင်းတို့ဘာတို့ ပြောကြတော့မယ်လာလျှောက်ကြတော့မယ်။ လမ်းတွေဘာတွေပေါက်ရင်လာကြတော့မှာဘဲ။ အဲ့မှာ မြေလွတ်မြေရိုင်းတွေလျှောက်၊ ပြဿနာတွေဖြစ် အချင်းချင်းငြိမ်းချမ်းရေးကိုသွားတဲ့လမ်းခရီးမှာ အနှောင့်အယှက်တွေဖြစ် နိုင်တယ်ပေ့ါနော်။ အဲ့တော့ ဌာနေတိုင်းရင်းသားတွေနဲ့ စိတ်ပါဝင်စားတဲ့လှူပ်ရှားသူတွေ တိုင်ပင်ဆွေးနွေး ဖို့က အဓိကဖြစ်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်၊ အားလုံးဘဲ ကျန်းမာချမ်းသာကြပါစေ။

## အရှိုချင်းဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ဆလိုင်းဝင်းအောင်



အခုလိုဌာနေတိုင်းရင်းသားနေ့မှာ စကားပြောခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့သစ်တောကြီးကိုထိန်းတဲ့အခါမှာမတရားသစ်ခိုးထုတ်တာတွေရှိတယ် မြေယာတွေသိမ်းဆည်းတာတွေရှိတယ်။ အခုဆိုရင် ကျွန်တော်တို့ဒေသမှာ ဒေသအခြေပြု လူထုအခြေပြု ခရီးသွားလုပ်ငန်းစတော့မယ်လို့ တိုင်းအစိုးရက ပြောလိုက်တဲ့အခါမှာ လူတွေကအလုအယက်ပုံစံမျိုး မြေတွေဝယ်လာကြတယ်။ တိုင်းရင်းသားတစ်ချို့ကလည်း မြေတွေရောင်းကြတယ်ပေါ့နော်။ မြေမရှိရင် ကျွန်တော်တို့တိုင်းရင်းသားတွေက အသက်ရှင်လို့မရဘူး၊ တိုင်းရင်းသားတွေရဲ့အသက်ကမြေဘဲ၊ လူမျိုးခြားတွေကျွန်တော်တို့စီရောက်လာမယ်ဆိုရင် ကျွန်တော်တို့သွားနေကြလမ်းလေးတွေကို သံဆူးကြိုးတွေနဲ့ ပိတ်ထားလိုက်မယ်၊ခြံစည်းရိုးခတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့သွားလာရေး၊ မီးဘေးဆိုရင်လည်း မီးတားကြောင်းတွေထားတာရှိတယ်။ မီးတားကြောင်းတွေကို ခြံစည်းရိုးတွေနဲ့ပိတ်ထားမယ်ဆိုရင် ဘယ်လိုသွားမလဲ၊ ကျွန်တော်တို့အနာဂတ်က ကျွန်တော်မြေပေါ်မှာ အရမ်းမူတည်နေတယ်ပေါ့နော်။ မြေယာတွေကိုကျွန်တော်တို့ ဘိုးဘွားပိုင်ဖြစ်ဖို့အတွက် အထူးဖြင့် ပုံစံ ၇ ဆိုတာထက် ဓလေ့ထုံးတမ်းမြေယာကို အသိအမှတ်ပြုမယ်ဆိုရင် ကောင်းတဲ့အချက်ဖြစ်တယ်၊ အဲ့တာကြောင့်အစိုးရကိုလည်း ဓလေ့ထုံးတမ်းအရ ရှေးပဝေသနီ ပဒေသရာဇ်စနစ်ကတည်းက စီမံအုပ်ချုပ်လာတဲ့ မြေယာဟာ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်ခွင့်ပြုပေးပါ တယောက်ယောက်က ပုံစံ ၇ လုပ်လိုက်တယ် ငါပုံစံ ၇ ရှိပြီဟေ့ဆိုရင် မြေလုခံရမှာတွေရှိတယ်။ Eco Tourism လာတော့မယ်ဆိုရင် သစ်တောကြီးက ဘယ်သူပိုင်တယ်ဟေ့၊ တချို့ဆိုလည်းသွေးထိုးပြီးတော့ ပိုက်ဆံလိုချင်တဲ့သူတွေက ရောင်းသလိုလိုနဲ့ အမှန်တော့ ဘုံပိုင်သစ်တောဖြစ်တဲ့အတွက်ကြောင့် ရောင်းလို့မရဘူး တချို့က အဲ့လိုတွေရှိတယ်။ ရှိတဲ့အခါမှာကျတော့ သစ်တောထိန်းဖို့အတွက် အရမ်းကိုအခက်အခဲတွေ့တယ်။ ဓလေ့ထုံးတမ်းမြေယာကို တရားဝင် အသိအမှတ်ပြုပေးစေချင်တယ်။ သုံးစွဲနေတဲ့ လယ်ယာမြေတွေ၊ ရေပေါ်ပေါ်များများရချင်တယ်ဆိုရင် တိုင်ရင်းသားတွေ လွတ်လွတ်လပ်လပ် ထိန်းသိမ်းခွင့်၊လုပ်ပိုင်ခွင့်ပေးပါလို့ တောင်းဆိုချင်တယ်။

## အရှိုချင်းဌာနေတိုင်းရင်းသူတစ်ဦးဖြစ်သူ မိုင်လဲ့လဲ့ခိုင်

သဘာဝပတ်ဝန်းကျင်ဟာ ဌာနေတိုင်းရင်းသားတွေအတွက်အသက်ရှင်ရပ်တည်နိုင်ရန်လုပ်ဆောင်ပေးနေတဲ့ ဂေဟာစနစ်ကြီးတစ်ခုဖြစ်ပါတယ်။ ဒီသဘာဝပတ်ဝန်းကျင်ဟာ ဌာနေတိုင်းရင်းသားတွေရဲ့ အစားအသောက်ဆေးဝါး ဌာနေတိုင်းရင်းသားတွေ တန်ဖိုးထားတဲ့ သစ်သီးမျိုးစုံဆေးဝါးမျိုးစုံငှက်မျိုးစုံ၊ ဌာနေတိုင်းရင်းသားတွေပိုင်ဆိုင်တဲ့ မူလမျိုးစိတ်များကိုပါ ကာကွယ်ထိန်းသိမ်းပေးနေပါတယ်။ ဒီသဘာဝပတ်ဝန်းကျင်ကို ဘယ်လိုကာကွယ်ထိန်းသိမ်းလဲဆိုတော့ နှစ်စဉ်တောမီးရှို့ခြင်းနဲ့ သစ်များအလွန်အကျွံမခုတ်ရန်တားမြစ်ခြင်၊ ချောင်းတွင် အဆိပ်ခတ်ခြင်းများ၊ သားကောင်များအလွန်အကျွံ မသတ်မိစေရန်နှင့် မလိုလားအပ်ဘဲ စည်းကမ်းမဲ့တောင်ယာရွှေ့ပြောင်းခြင်းများမလုပ်ရန်။ သဘာဝပတ်ဝန်းကျင်မပျက်စီးရန်ကျောက်များထုတ်ယူခြင်းကို ကန့်ကွက်တားဆီးတာမျိုးတွေရှိပါတယ်။ မူးယစ်ဆေးဝါးစိုက်ပျိုးခြင်းကြောင့် လူငယ်တွေအတွက် အလွန်စိတ်ပူမိပါတယ်။ ဒေသခံမဟုတ်သူတွေ သစ်များအလွန်အကျွံခုတ်ယူခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျေးလက်ဆေးခန်းများမရှိခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များအားနည်းခြင်း၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ပက်သက်သည့် အသိပညာအားနည်းမှုတွေရှိပါတယ်။ဌာနေတိုင်းရင်းသူတစ်ဦးအနေနဲ့ သက်ဆိုင်ရာအစိုးရကိုတင်ပြချင်တာကတော့ ဌာနေတိုင်းရင်းသားဒေသမှာရှိနေတဲ့ လူမှုပတ်ဝန်းကျင်အရေးကိစ္စများဆောင်ရွက်သည့်အခါ ပြည်သူတွေတောင်းဆိုတဲ့အသံကိုနားထောင်ပြီး ပြည်သူတွေနဲ့ပူးပေါင်းဆောင်ရွက်စေခြင်းသည် ပြည်သူကို ဗဟိုပြုတဲ့သက်ဆိုင်ရာအစိုးရဖြစ်စေပါတယ်။ အရပ်ဖက်အဖွဲ့အစည်းများဦးဆောင်သော လုပ်ငန်းများအပေါ် အသိအမှတ်ပြုစေကာ ၎င်းအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



# ဌာနေတိုင်းရင်းသားအနုပညာရှင်ထံများမှ တိုင်တွန်းနှိုးဆော်မှုများ

## ချင်းတေးသံရှင်တစ်ဦးဖြစ်သူ Nilan



လက်ရှိခေတ်ပေါ် လူမှုအသိုင်းအဝိုင်းတို့၏ နေထိုင်မှုစနစ်များနှင့် မတူညီဘဲ ခြားနားစွာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်လျက်ရှိနေသောသူများသည် ဌာနေတိုင်းရင်းသားများပင် ဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများသည် ထိခိုက်လွယ်၍၊ အခွင့်အရေးများဆုံးရှုံးနေသော လူမျိုးစုများဖြစ်ပြီး၊ ၎င်းတို့၏ ဖြစ်တည်မှု၊ ဓလေ့ထုံးတမ်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများလည်း ချိုးဖောက်ခံနေရပါသည်။

## ကချင်တေးသံရှင်တစ်ဦးဖြစ်သူ Lun Zaung



ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်နေသော ဌာနေတိုင်းရင်းသားများဦးရေမှာ သန်းပေါင်း ၃၇၀ ခန့်ရှိပြီး၊ နိုင်ငံပေါင်း ၉၀ တွင် ဖြန့်ကျက် နေထိုင်လျှက်ရှိပါသည်။ ဌာနေတိုင်းရင်းသားများသည်ဘာသာစကားရ၀၀၀ခန့်နှင့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာပေါင်း၅၀၀၀ခန့်ကိုထိန်းသိမ်းကျင့်သုံးလျက်ရှိပြီး၊ကမ္ဘာ့လူဦးရေ၏အဆင်းရဲဆုံး ၁၅%ထဲတွင် ပါဝင်လျှက်ရှိပါသည်။

## ကရင်တေးသံရှင်တစ်ဦးဖြစ်သူ Solomon



၂၀၂၀ခုနှစ်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေ ညာစာတမ်း၏ ၁၃နှစ်ပြည့် နှစ်ပတ်လည် နေ့လေးဖြစ်ပါတယ်။ လွန်ခဲ့သော ဆယ့်သုံးနှစ်ခန့် ၂၀၀၇၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေညာစာတမ်း (United Nations Declaration on the Rights of Indigenous Peoples – UNDRIP) စတင် အတည်ပြုကြေညာခဲ့ပါတယ်။



## မြန်မာနိုင်ငံ၏ ပထမဦးဆုံး
## ကရင်အမျိုးသမီးလေယာဉ်မှူးတစ်ဦးဖြစ်သူ နော်ခူးခူဖော

မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်မှစ၍ ဩဂုတ်လ (၉)ရက်နေ့တိုင်းတွင် ဌာနေတိုင်းရင်းသားနေ့ကို နှစ်စဉ် နှစ်တိုင်းကျင်းပလာခဲ့ပါတယ်။ ယခုနှစ် ဌာနေတိုင်းရင်းသားနေ့၏ ဆောင်ပုဒ်မှာ “ ကိုဗစ် နိုင်တင်းနှင့် ဌာနေတိုင်းရင်းသားများ ၏ ခုခံနိုင်စွမ်း” ဖြစ်ပါတယ်။



## ချင်းတေးသံရှင်တစ်ဦးဖြစ်သူ Alian

ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအစရှိသည့် နေ့စဉ် ဘဝဆိုင်ရာအရေးအရာများကို နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးနေသူများဖြစ်ကြပါသည်။ သဘာဝ တောတောင်၊ ရေ၊ မြေများနှင့် တွဲဖက်လျက် ရှင်သန်နေထိုင်နေခြင်းသည် ဌာနေတိုင်းရင်းသားများတို့၏ ထူးခြားသော သွင်ပြင်လက္ခဏာ တစ်ရပ်ဖြစ်ပါသည်။



## ကရင်တေးသံရှင်တစ်ဦးဖြစ်သူ Saw Phoe Kwar

၁၉၉၄ ခုနှစ်တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဩဂုတ်လ (9) ရက်နေ့ကို နိုင်ငံတကာ ကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့ (International Day of the Intdigenous Peoples ) အဖြစ်သတ်မှတ်ကြေညာခဲ့ပါတယ်။

အဲ့တော့ကျွန်တော်တို့ ဌာနေတိုင်းရင်းသားတွေ ကျွန်တော်ကိုယ်တိုင်ကလည်း တိုင်းရင်းသားတစ်ယောက်ဖြစ်တယ်။ အဲ့တော့နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံမှာလည်း အဲ့နေ့ရောက်တိုင်းမှာ အထိမ်းအမှတ်ပွဲတွေကျင်းပကြတယ်။ နေရာဒေသအသီးသီးမှာပေ့ါ။ ဒီနေ့တော့ ကမ္ဘာ့အသီးသီးမှာကြုံလာရတဲ့ ကိုဗစ်ပေ့ါနော်၊ ကပ်ဆိုးဘေးဘဲပြောရမှာပေါ့။ အဲ့တာကြီးကြုံလာတဲ့အခါမှာ ကျွန်တော်တို့အားလုံးဟာ ကျင်းပပြုလုပ်ခွင့်တော့ မရကြဘူး။ သို့သော်လည်း သူ့နည်းသူ့ဟန်နဲ့ ကျွန်တော်တို့ဟာ အဲ့နေ့ရောက်လာတဲ့အခါမှာ လုပ်လို့ရနိုင်တဲ့ပုံစံနဲ့ အသီးသီးလုပ်ကြတယ် ဥပမာဆိုရင်အခုလိုမျိုး မီဒီယာကတဆင့် Rules and Regulation အရ ဘောင်ထဲမှာဝင်အောင် ကျွန်တော်တို့လုပ်ဆောင်ဖို့တော့ တိုင်းရင်းသား အသီးသီးရဲ့ နှလုံးသားထဲမှာ ရှိနေမယ်လို့ မျှော်လင့်တယ်။ လုပ်လည်းလုပ်ကြမယ်ဆိုတဲ့အစီအစဉ်ကိုလည်း ကျွန်တော်ကြားရတယ်ပေ့ါ။ ဆိုတော့ ကျွန်တော်တို့ တစ်ယောက်စာအနေနဲ့ကတော့ ကိုဗစ်က လူကိုဦးတည်ပြီးတော့ တိုက်ခိုက်နေတာပါ တိုင်းရင်းသားတွေကလည်း လူတွေပါဘဲ။ အဲ့တော့ ကိုဗစ်ကာလအတွင်းမှာ လူသားတွေရဲ့ အခြေခံစိတ်ဓာတ်ကိုတည်ပြီးတော့မှ ဒီဟာကို အားလုံးစုစုပေါင်းပေါင်း၊ စည်းစည်းလုံးလုံး၊ ညီညီညာညာနဲ့ပေ့ါ ဒီကိုဗစ်ကို တွန်းလှန်တိုက်ခိုက်သွားနိုင်ဖို့အတွက်ကိုလည်း ကျွန်တော်မျှော်လင့်ဆုတောင်းမိပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဒီအချိန် ဒီလိုဝင်လာတဲ့ ဒီကပ်ဆိုးမျိုးလောက်အရေးကြီးတဲ့ဟာမရှိဘူး။ ဒါကြောင့်မို့လို့ ညီညီညာညာနဲ့ခုခံကာကွယ်ဖို့အတွက်ဖြစ်တယ်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားများဟာကျွန်တော်တို့ရှိတဲ့အရပ်ဒေသ၊ကိုယ့်ရပ်ကိုယ့်ဒေသ Cultureတွေကိုဆက်လက်ထိန်းသိမ်းသွားနိုင်မဲ့ဟာမျိုး ဖြစ်သလိုမျိုးပေ့ါနော်၊ ပြီးတော့မှ ကျွန်တော်တို့ရဲ့ စုပေါင်းညီညွတ်အားကို လူသားချင်းဆိုတဲ့ လူသားဂေဟာစနစ်ပေါ်မှာ ထားသင့်ထားအပ်တဲ့အပြန်အလှန်လေးစားမှုတွေနဲ့ကျွန်တော်တို့အားလုံး ဒီအရေးကိုကာကွယ်သွားနိုင်ဖို့အတွက် ကျွန်တော်ဆုတောင်းမေတ္တာပို့သပါတယ်၊ အားပေးချင်ပါတယ်ခင်ဗျာ။



ရိုးရာဝန်းကျင်အကျင်အရေးလုပ်ရှားသူတစ်ဦးဖြစ်သူ စာရေးသူ ကိုပီတိမှ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားနေ့အတွက် တိုက်တွန်းအားပေးအကြံပြုစကားပြောကြားခြင်း၊

အားလုံးဘဲမင်္ဂလာပါ။ ကျွန်တော်တို့ လာမဲ့ဩဂုတ်လ ၉ရက်နေ့ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများတို့ရဲ့နေ့ဖြစ်ပါတယ်။ ဆိုတော့ဒီဌာနေတိုင်းရင်းသားများရဲ့နေ့က နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လေ့ရှိပါတယ်။ ဒီနှစ်မှာ ဌာနေတိုင်းရင်းသားများနဲ့ ပတ်သက်ပြီးတော့မှ အဓိကအာရုံပြုဖို့ရန်အတွက် နှိုးဆော်ထားတဲ့ခေါင်းစဉ်ကတော့ ကိုဗစ်-၁၉ ကပ်ဘေးရောဂါနဲ့ ဌာနေတိုင်းရင်းသားများတို့ရဲ့ ခံနိုင်ရည်စွမ်းအားပေါ့ Resilience လို့ခေါ်တယ်။ ဘာဖြစ်လို့ဆိုတော့ ဒီခံနိုင်ရည်စွမ်းအားဆိုတဲ့ စကားလုံးကို ဒီနှစ်မှာဘာကြောင့်မို့လို့ အဓိကအာရုံပြုသလဲဆိုရင် ဌာနေတိုင်းရင်းသားများလို့ခေါ်တဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်ကျွန်တော်တို့ မြို့ပြနဲ့ သာမန်လူနေထူထပ်တဲ့ မြို့ပြဆန်တဲ့နေရာတွေမှာ အနေအထားမျိုးနဲ့ မတူလို့ဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဌာနေတိုင်းရင်းသားတွေရှိပါတယ်။ သူတို့ကို အင်္ဂလိပ်လိုကျတော့ Indigenous Peoples လို့ခေါ်ပါတယ်။ တစ်ကမ္ဘာလုံးမှာလည်း အများကြီးရှိတယ်ပေါ့နော်။ ဒါပေမဲ့ တစ်ကမ္ဘာလုံးရဲ့ လူဦးရေနဲ့ကြည့်မယ်ဆိုရင်တော့ သူတို့ရဲ့ ရာခိုင်နှုန်းက ၅ရာခိုင်နှုန်းဝန်းကျင်လောက်ဘဲ ရှိပါတယ်။ ဒါပေမဲ့ရာခိုင်နှုန်းကတော့ နည်းပေမဲ့ သူတို့ရဲ့ တာဝန်ယူရတဲ့အလုပ်တွေကတော့ ကြီးမားကျယ်ပြန့်ပါတယ်။

ဌာနေတိုင်းရင်းသားများလို့ ပြောတဲ့အခါမှာ ဌာနေတိုင်းရင်းသားများဆိုသည်မှာ ရှေးအစဉ်အလာကတည်းကကနဦးကာလကတည်းက သူတို့နေထိုင်နေတဲ့ဒေသမှာ ဆွေစဉ်မျိုးဆက်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် တည်တည်မြဲမြဲနဲ့ အခြေစိုက်နေထိုင်နေကြတဲ့ လူတွေကို ကျွန်တော်တို့က ခေါ်ဆိုခြင်းဖြစ်ပါတယ်။ သူတို့တော်ရုံတန်ရုံ ရွှေ့ပြောင်းသွားလာမှုနည်းပါတယ်။ အများစုကတော့ သူတို့ဒေသရှိတဲ့အပင်တွေထဲမှာ ဖြစ်ရင်ဖြစ်မယ်၊ တောင်ပေါ်ဒေသမှာလည်း ဖြစ်ရင်ဖြစ်မယ်၊ မြစ်ကြီးနဘေးမှာဖြစ်ရင်ဖြစ်မယ်၊ တကယ့်ကို ထူထပ်တဲ့ သွားရေးလာရေးခက်ခဲတဲ့ တောတောင်တွေမှာလည်း ဖြစ်ရင်ဖြစ်မယ်၊ အဲ့မှာသူတို့ နှစ်ကာလများစွာကတည်းကခြေချပြီးတော့နေထိုင်နေတဲ့သူတွေကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ အဲ့တော့ ဒီဌာနေတိုင်းရင်းသားများဟာ မြန်မာနိုင်ငံမှာလည်း များစွာရှိပါတယ်။ တစ်ကမ္ဘာလုံးမှာလည်း ရှိပါတယ်။

ဆိုတော့ ဒီနှစ်ရဲ့ ဌာနေတိုင်းရင်းသားများအပေါ်မှာ ကျွန်တော်တို့ အားပေးအားမြှောက်ပြုရမဲ့ ကိစ္စကဘာလဲဆိုရင် တစ်ကမ္ဘာလုံးမှာဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးမှာကျွန်တော်တို့ စိုးရိမ်မှုတွေ ကာကွယ်ကုသမှုတွေကို ကြိုးစားပြုလုပ်နေတဲ့အချိန်မှာ ဌာနေတိုင်းရင်းသားများကရော ဘယ်လိုနေထိုင်ကြသလဲ၊ သူတို့တွေကလည်း ဒါကိုဘယ်လိုရင်ဆိုင်နေကြလဲဆိုတာ မေးခွန်းတွေပေါ်လာပါတယ်။ ဆိုတော့ အရှေ့တောင်အာရှနိုင်ငံမှာလည်း ဌာနေတိုင်းရင်းသားတွေရှိပါတယ်။ အထူးသဖြင့် အရှေ့တောင်အာရှတွေမှာမကဘဲ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေမှာလည်း ဌာနေတိုင်းရင်းသားတွေရှိကြပါတယ်။

ဒီဌာနေတိုင်းရင်းသားများတွေဟာ ဒီကိုဗစ်ကပ်ဘေးစတင် ဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် သူတို့စီမှာ ခေတ်မီတိုးတက်တဲ့ ဆေးဝါးကုသမှု နည်းပညာအရောက်အပေါက်နည်းကောင်းနည်းမယ်၊ အထောက်အပံ့ရောက်တာမျိုးရှိတော့ရှိမယ်နည်းကောင်းနည်းမယ်။ ဒါပေမဲ့ ဒီဖြစ်ပေါ်လာတဲ့ ကပ်ဘေးအန္တရာယ်ကိုလည်း ဌာနေတိုင်းရင်းသားများတွေ သူတို့စီမှာ ရှိတဲ့ ဒေသအသိဉာဏ်ပညာလို့ခေါ်တဲ့ Local Wisdom ပေါ့၊ အဲ့ဟာနဲ့ ကာကွယ်ခြင်း ဒါမှမဟုတ် ဒီဖြစ်ပေါ်လာတဲ့ ကပ်ဘေးနဲ့ ပတ်သက်ပြီးတော့ ပိုမိုပြီးတော့မှ ပြန့်ပွားမှုမရှိအောင် ထိန်းချုပ်ခြင်း၊ ဒါတွေကို သူတို့ ရိုးရာဉာဏ်ပညာနည်းလမ်းများအရ လုပ်ကြပါတယ်။ အထူးသဖြင့်သူတို့မှာ ရှိပြီးသားဖြစ်တဲ့ တောတောင်တွေထဲက ဆေးပင်တွေဆေးမြစ်တွေနဲ့ ဖြစ်ပေါ်လာနိုင်တဲ့ ရောဂါလက္ခဏာတွေကို ကြိုတင်ပြီးတော့ ကာကွယ်နိုင်အောင်သူတို့ကိုသူတို့ ကြိုတင်ပြီးတော့မှ သဘာဝကပေးထားတဲ့ သဘာဝဆေးတွေအားဖြင့် ကြိုတင်ကာကွယ်တဲ့နည်းလမ်းတွေသုံးကြတယ်။



စာရေးသူ ကိုပီတိ

နောက်တစ်ခုကအစားအစာပေါ့။ ကိုဗစ်ရောဂါဖြစ်တဲ့အခါမှာ အစားအစာအင်မတန်မှ အရေးကြီးတယ်လို့သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဟာရပြည့်ပြည့်ဝဝစားဖို့လိုတယ်လို့ ပညာရှင်တွေက တိုက်တွန်းပါတယ်။ ဌာနေတိုင်းရင်းသားများရဲ့ အားသာချက်က သဘာဝတောတောင်ရေမြေပင်လယ်ပြင်မှာနေတဲ့အခါမှာ သူတို့ရဲ့ နေ့စဉ်အစားအစာနဲ့ပတ်သက်လို့ ရယူတဲ့အရင်းအမြစ်တွေက သဘာဝတောတောင်ထဲကဖြစ်နေတယ်။ ပင်လယ်ထဲကဖြစ်ရင်ဖြစ်မယ်၊ မြစ်ထဲက ဖြစ်ရင်ဖြစ်မယ်၊ အင်းအိုင်ထဲက ဖြစ်ရင်ဖြစ်မယ်၊ ဒါမှမဟုတ်သစ်တောထဲကလည်းဖြစ်ရင်ဖြစ်မယ်၊ သဘာဝအလျောက်လူသားတွေသွားပြီးတော့မှ ရည်ရွယ်ချက်ရှိရှိနဲ့ စိုက်ပျိုးမွေးမြူထားတာ မဟုတ်တဲ့ သဘာဝအစားအစာတွေကို သူတို့က မှီခိုပြီးတော့စားသောက်တဲ့ အလေ့အထရှိပြီးသားဖြစ်သောကြောင့် ဒီအလေ့အထပေါ်မှာပိုပြီးတော့မှ အလေးအနက်ထားပြီး ကျင့်သုံးနေကြတယ်ဆိုတာမျိုးလည်း ကျွန်တော်တို့ သတိပြုဖို့ရှိပါတယ်။ ဌာနေတိုင်းရင်းသားများသည် အံ့သြစရာကောင်းလောက်အောင် စိတ်နှလုံးထဲမှာ သဘာဝပတ်ဝန်းကျင်နဲ့ သူတို့နဲ့ ဆက်စပ်မှုဟာ အရေးကြီးတယ်လို့ ဌာနေတိုင်းရင်းသားများက လုံးဝယုံကြည်လက်ခံမှုရှိပါတယ်။ အဲ့တော့ အဲ့လိုမျိုး ယုံကြည်လက်ခံမှုရှိသည့်အတွက် ဌာနေတိုင်းရင်းသားများနဲ့ သဘာဝတောတောင်ရေမြေသမုဒ္ဒရာတွေက ခွဲခြားလို့မရပါဘူး။

ဌာနေတိုင်းရင်းသားများရဲ့နေထိုင်မှု၊ စားသောက်မှုကို ကျွန်တော်တို့က အတုယူရတဲ့အပိုင်းတွေလည်းရှိသလို၊ ပိုပြီးတော့ ကျွန်တော်တို့ ဌာနေတိုင်းရင်းသားများကို အားပေးရမဲ့အချက်ကတော့ ဘာလဲဆိုရင် ဌာနေတိုင်းရင်းသားများတို့ရဲ့ ရိုးရာအစဉ်အလာအရ ရှိလာတဲ့ Local Wisdom လို့ခေါ်တဲ့ ဒေသအသိဉာဏ်ပညာအရ သဘာဝတောတောင်မြစ်ချောင်းအင်းအိုင်မြေဆီလွှာများကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အလုပ်ကိုသူတို့က သီးသပ်ကြီးတာဝန်တစ်ရပ်အနေနဲ့ လုပ်တာမျိုးမဟုတ်ဘဲနဲ့ သူတို့ရဲ့ နေ့စဉ်ဘဝမှာ ဒီသဘာဝကြီးက မရှိမဖြစ်လိုအပ်တဲ့အတွက် သူတို့က ဒါကိုသူတို့ရဲ့ အသက်သွေးကြောပမာ စောင့်ရှောက်ထိန်းသိမ်းပြုစုနေတဲ့ဆိုတဲ့ အရာလေးကိုကျွန်တော်တို့ ကျန်တဲ့ ကမ္ဘာသူကမ္ဘာသားတွေက သူတို့အပေါ်မှာ ကျွန်တော်တို့က အားပေးရပ်တည်ပေးဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဌာနေတိုင်းရင်းသားများသည် ဘယ်သူမှ တာဝန်မပေးရင်တောင်မှ သူတို့ရဲ့ သဘာဝအရ၊ ယဉ်ကျေးမှုအရ၊ ရိုးရာထုံးတမ်းဓလေ့အရ သဘာဝရပ်ဝန်းချစ်မြတ်နိုးတဲ့ သဘာဝရပ်ဝန်းကိုအမှီပြုနေထိုင်ပြီးတော့ရှင်သန်တယ်၊ သဘာဝရပ်ဝန်းဟာ သူတို့နဲ့ တသားတည်းဆက်နွယ်မှုတစ်ခုကို ဘယ်လိုမျိုးတင်စားလို့ရမလဲဆိုရင် သဘာဝရပ်ဝန်းဟာ သူတို့ရဲ့ မိခင်နှင့်လည်းတူပါတယ်။ ဆိုတော့ ဒီကိုဗစ်ကပ်ဘေးဖြစ်နေတဲ့ ကာလကြီးမှာ ဌာနေတိုင်းရင်းသားများဟာ ကမ္ဘာသူကမ္ဘာသားများဖြစ်နေသော်ညားလည်း သူတို့အနေနဲ့ ဒီရောဂါကပ်ဘေးကို ရင်ဆိုင်တဲ့နေရာမှာ အစွမ်းကုန်ပါဝင်လုပ်ဆောင်နေတာကို ကျွန်တော်တို့ အနေနဲ့တွေ့ရှိရပါတယ်။ အသိအမှတ်လည်းပြုပါတယ်။ သူတို့ရဲ့ပါဝင်မှုသည် ကမ္ဘာသူကမ္ဘာသားများစိတ်ဓာတ်နဲ့ သူတို့ အကျိုးတစ်ခုထဲနဲ့မဟုတ်ဘဲနဲ့ သူတို့စောင့်ရှောက်ပေးနေတဲ့ သူတို့ပြုစုပေးနေတဲ့၊ သူတို့အမြတ်တနိုးထားတဲ့ မြစ်တွေအင်းတွေအိုင်တွေချောင်းတွေတောတောင်တွေ ကမ္ဘာကြီးရဲ့ကျန်းမာရေးနဲ့ ဆက်စပ်နေတယ်ဆိုတာကို သိပ္ပံပညာရှင်တွေကလည်း ထောက်ပြလျက်ရှိပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ ဒီပြောင်းလဲမှုဖြစ်စဉ်ကို ရင်ဆိုင်နိုင်ဖို့ ဒီဖြစ်ပေါ်လာနိုင်တဲ့ သဘာဝကပ်ဘေးတွေ လျော့ကျသွားနိုင်ဖို့အတွက်က ဒီပျက်စီးနေတဲ့ သဘာဝပတ်ဝန်းကျင်ကြီး ပြန်လည်ပြီးတော့မှ တိုးတက်ကောင်းမွန်လာဖို့ လူသားတွေဟာ မျှော်လင့်ပါတယ်။

ဆိုတော့ ဒီခေတ်မှီတိုးတက်နေတဲ့လူမှုအဝန်းအဝိုင်းမှာနေကြတဲ့ လူသားတွေကလည်း ကြိုးစားနေသလို ခုနလိုတောတောင်ရေမြေအထဲမှာ သဘာဝအထဲမှာ သဘာဝနဲ့အတူ ရှင်သန်နေထိုင်နေကြတဲ့ ဌာနေတိုင်းရင်းသားများကလည်းဘဲ သူတို့ တတ်စွမ်းသမျှ သဘာဝတောတောင်ရေမြေကို ထိန်းသိမ်းနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့က အမြဲတမ်းသတိတရရှိနေပေးဖို့လည်းလိုအပ်ပါတယ်လို့၊ဒါကြောင့် နောက်ဆုံး ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ ယခုနှစ် ၂၀၂၀ခုနှစ်မှာ ထပ်မံကျရောက်လာဦးမဲ့ ကမ္ဘာ့ဌာနေတိုင်းရင်းသားများတို့ရဲ့ နေ့မြတ်ဖြစ်တဲ့ ဩဂုတ်လ ၉ရက်မှာလည်းဘဲ သူတို့ရဲ့ တည်ရှိနေခြင်း သူတို့ရဲ့လုပ်ဆောင်နေခြင်း သူတို့နဲ့အတူလက်တွဲနေပြီးတော့ ပါဝင်နေခြင်းကို ကျန်တဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံးရော မြန်မာနိုင်ငံအားလုံးလည်း သူတို့အတွက် သတိရပေးဖို့ သူတို့နဲ့ ရပ်တည်ပေးဖို့၊ သူတို့ရဲ့ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းအတွက်လည်း ပါဝင်နိုင်သမျှပါဝင်ပေးဖို့အတွက် ကျွန်တော်တို့အနေနဲ့ တတတ်တအား အတူတကွ လက်တွဲပြီးတော့မှ ရပ်တည်ပါဝင်နိုင်ဖို့ လိုပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောရင်းနဲ့ နိဂုံးချုပ်လိုပါတယ်၊ ကျေးဇူးတင်ပါတယ်။

# ပို့ဂွင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ဒါရိုက်တာဖြစ်သူ နော်အိအိမင်းမှ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ အတွက် တိုက်တွန်းအားပေးစကားပြောကြားခြင်း





မင်္ဂလာပါရှင်၊ ကျွန်မတို့ ဒီနှစ် ၂၀၂၀ခုနှစ် ဩဂုတ်လ ၉ရက်နေ့မှာ ကျရောက်မဲ့ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့အတွက်ပေ့ါနော် အထူးကျင်းပပြုလုပ်တဲ့ ဒီဆွေးနွေးစကားဝိုင်းလေးအတွက် ကျွန်မရဲ့သုံးသပ်ဆွေးနွေးချက်ကိုတင်ပြသွားမှာဘဲဖြစ်ပါတယ်။ ကျွန်မတို့ဒီနှစ် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်တဲ့ ဌာနေတိုင်းရင်းသားများနေ့ရဲ့ ဆောင်ပုဒ်ကတော့ “Covid-19 and Indigenous Resilience” ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့လက်ရှိအသစ်သော နေထိုင်မှုပုံစံအဖြစ်ပြောင်းလဲလာတဲ့ ကပ်ဆိုးရောဂါကြောင့် ပြောင်းလဲလာရတဲ့ ကမ္ဘာလောကကြီးရဲ့ရှင်သန်မှုတွေထဲမှာ ဌာနေတိုင်းရင်းသားတွေကော သူတို့ရဲ့ ကုခံနိုင်စွမ်း၊ ကုခံပြီးတော့ အသက်ရှင်နေထိုင်နိုင်မှု ဘယ်လိုရှိသလဲဆိုတာကို သုံးသပ်ဖို့အချိန်ဖြစ်တယ်။ ကမ္ဘာ့ကုသမဂ္ဂမီးမောင်းထိုးပြတဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဌာနေတိုင်းရင်းသားတွေနဲ့ပတ်သက်ပြီးတော့မှ လက်ရှိ ကမ္ဘာကသတ်မှတ်ထားတဲ့ သုံးသပ်ထားတဲ့အနေအထားတစ်ချို့၊ နောက်ပြီးတော့မှ မြန်မာနိုင်ငံမှာရှိတဲ့ ဌာနေတိုင်းရင်းသားတွေရဲ့အနေအထားကို ပြန်လည်သုံးသပ်ပြီးတော့မှ တချို့သော အချက်ကလေးတွေကိုတော့ ဒီမူဝါဒချမှတ်သူတွေအတွက် ထည့်သွင်းစဉ်းစားနိုင်ဖို့အတွက် ထောက်ခံဆွေးနွေးတင်ပြသွားချင်ပါတယ်။

ကျွန်မတို့ ပထမဆုံးဌာနေတိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီးတော့ သူတို့ရဲ့ အသက်ရှင်နေထိုင်မှု သူတို့ရဲ့ ရပ်တည်မှုတွေနဲ့ပတ်သက်ပြီးတောမှ အားသာချက်တွေကို စဉ်းစားမယ်ဆိုရင်ဌာနေတိုင်းရင်းသားတွေဟာသမိုင်းကြောင်း



တစ်လျှောက်မှာ သဘာဝတရားနဲ့ အလွန်နီးကပ်စွာနဲ့ သဘာဝတရားနဲ့သဟဇာတကျစွာ အသက်ရှင်တဲ့သူတွေဘဲဖြစ်ပါတယ်။သူတို့ဟာနဂိုကတည်းက လူ့အသိုင်းအဝိုင်းနဲ့နီးစပ်စွာနေထိုင်ကြသူတွေမဟုတ်ပါဘူး ခေတ်အခြေအနေအရ ပြောင်းလဲလာခဲ့တဲ့ ခေတ်အခြေအနေအရ အချို့သောဌာနေတိုင်းရင်းသားများသည် လူပြုတဲ့ဘေး၊ သဘာဝပြုတဲ့ဘေး အခြေအနေမျိုးနဲ့ရင်ဆိုင်ရတဲ့အတွက် မိမိရဲ့ပြည်တွင်းမှာသော်လည်းကောင်း တိုင်းတပါးရပ်ခြားသို့တိုင်အောင်သော်လည်းကောင်း သွားပြီးတော့မှ ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ အလုပ်လုပ်ကိုင်ရတဲ့အနေအထားတွေရှိလာခဲ့တယ်ဆိုရင်တောင်မှ တကယ်ဌာနေတိုင်းရင်းသားတွေ မူရင်းအသက်ရှင်နေထိုင်ပုံကို တကယ်စဉ်းစားကြည့်မယ်ဆိုရင်တော့ သူတို့သည် သီးသန့်သီးခြားရပ်တည်နေထိုင်တဲ့သူတွေ ဖြစ်ပါတယ်။ မိမိရဲ့နေရင်းစွဲ ဒေသတစ်ခုအပေါ်မှာ အမှီပြုပြီးတော့ သီးသန့်နေထိုင်တဲ့သူတွေဖြစ်တယ်။

သူတို့ရဲ့ အသက်ရှင်နေထိုင်မှုသည်လည်း သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနဲ့ရှိတယ်။ သူတို့သည် အပြင်လောကနဲ့ ဆက်သွယ်မှုအရမ်းမများတဲ့အတွက် ဒီလိုမျိုး ကိုဗစ်-၁၉လို ကမ္ဘာ့ကပ်ဆိုးမျိုးကျရောက်လာတဲ့အချိန်မှာတော့ တကယ့်သူတို့ရဲမူရင်းအသက်ရှင်နေထိုင်ပုံအရဆိုရင် သူတို့သည် ဒီကပ်ဆိုးရောဂါတွေနဲ့ ဝေဝေးရှောင်နိုင်ဖို့အတွက်အခွင့်အလမ်းအများကြီးရှိနေသူတွေဖြစ်တယ်။ သူ

တို့သည် စားဝတ်နေရေးစိတ်ပူစရာမလိုဘူး။ မိမိတို့ရဲ့ ရွှေ့ပြောင်းတောင်ယာ ဒါမှမဟုတ် အလှည့်ကျမြေအနားပေးစနစ်နဲ့ လုပ်တဲ့တောင်ယာစနစ်တွေအားဖြင့် မိမိတို့ရဲ့ လုံလောက်ဖူလုံတဲ့ စားနပ်ရိက္ခာရရှိနိုင်ကြတယ်။ သူတို့အတွက်ဆိုရင်လည်း ရိုးရာအသိပညာဗဟုသုတတွေက ဖြည့်ဆည်းပေးထားတဲ့ သဘာဝတောတောင်ထဲက ရရှိနိုင်တဲ့ ရိုးရာတိုင်းရင်းဆေးတွေရှိနေကြတယ်။ ဒီအပေါ်မှာ အမှီပြုနေတဲ့အသက်ရှင်နေထိုင်ပုံဟာ လက်ရှိဒီလိုကပ်ဆိုးရောက်တဲ့အနေအထားမှာ သူတို့ရဲ့တန်ဖိုးသူတို့ရဲ့အခန်းကဏ္ဍကိုစဉ်းစားရင်အရမ်းကိုဘဲ တန်ဖိုးရှိတယ်ဆိုတာကို သိရမှာဖြစ်ပါတယ်။ အထူးဖြင့် ဒီကျွန်မတို့ ရာသီဥတုပြောင်းလဲခြင်း ဘေးဒဏ်တွေအရမ်းခံစားလာရတဲ့ လက်ရှိ ခေတ်ကာလအနေအထားနဲ့ ဒီလိုကပ်ဆိုးရောဂါခေတ်ကာလ အနေအထားမှာဆိုရင် ဌာနေတိုင်းရင်းသားတွေက ထိန်းသိမ်းစောင့်ရှောက်ထားပေးတဲ့ သဘာဝတောတောင်ရေမြေတွေဟာဆိုရင် တကယ့်ကိုအရေးပါတဲ့ အခန်းကဏ္ဍမှာရှိတယ်ဆိုတာကို ပြန်ပြီးသုံးသပ်မိမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်း ဌာနေတိုင်းရင်းသားများနေ့အတွက် ပြန်ဆွေးနွေးတဲ့အခါမှာ သူတို့ရဲ့ ကောင်းကျိုးပြုနိုင်တဲ့ လူသားတွေအတွက်လုပ်ဆောင်ပေးနိုင်တဲ့ အခန်းကဏ္ဍကို ကျွန်မတို့သေချာသုံးသပ်ပေးပြီးတော့ သူတို့မှာလိုအပ်တဲ့ရှိတဲ့ အခွင့်အရေးတွေကို မြှင့်တင်ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်မတို့ လူသားနဲ့ သဘာဝတရားအတွက် ပြန်ပြီးတော့ ကောင်းတဲ့တုံ့ပြန်မှုတစ်ခု ဖြစ်ပျက်နေတဲ့ အခြေအနေဆိုးကို ပြန်ပြီးတော့ တုံ့ပြန်တဲ့အခါမှာ အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်လာမယ်ဆိုတာကို ကျွန်မတို့သတိပြုဆင်ခြင်နိုင်မယ်လို့ထင်ပါတယ်။ ဒီတစ်ကမ္ဘာလုံးရဲ့စစ်တမ်းတွေအရဆိုရင် ဌာနေတိုင်းရင်းသားများတွေရဲ့ အသက်ရှင်နေထိုင်မှုနေရာတွေဟာ ကမ္ဘာရဲ့အရေးပါတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေတည်ရှိနေတဲ့နေရာရဲ့ ၈၀ရာခိုင်နှုန်းဟာ ဌာနေတိုင်းရင်းသားတွေရဲ့နေရာဖြစ်တယ်ဆိုတာကို သတင်းအချက်အလက်တွေအရသိရှိရတာဖြစ်ပါတယ်။

ဒါပေမဲ့ ဌာနေတိုင်းရင်းသားအနေနဲ့ လက်ရှိကြုံတွေ့နေရတဲ့အားနည်းချက်စိန်ခေါ်မှု လိုအပ်ချက်ကဘာဖြစ်နိုင်မလဲဆိုရင် သူတို့သည် လက်ရှိတိုးတက်ပြောင်းလဲနေတဲ့နိုင်ငံရဲ့အနေအထားတွေထဲမှာရှိနေတဲ့ ဥပဒေတွေ မူဝါဒတွေရဲ့အကျိုးသက်ရောက်မှုတွေနဲ့ အနေအထားတွေကို သူတို့လက်လှမ်းမှီနိုင်ခြင်းမရှိပါဘူး သတင်းအချက်အလက်တွေလည်း လက်လှမ်းမှီနိုင်ဖို့ အားနည်းတဲ့ အနေအထားတွေမှာရှိနေတာကိုတွေ့ရတယ်။ အကြောင်းကြောင်းတွေကြောင့် တချို့သော သူတွေဟာ ရွှေ့ပြောင်းအလုပ်သမားအနေနဲ့ အခက်အခဲမျိုးစုံ စိန်ခေါ်မှုမျိုးစုံရင်ဆိုင်ရပြီးတော့ တိုင်းတစ်ပါးသော်လည်းကောင်း ပြည်တွင်းမှာသော်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းတွေကို ရှာဖွေရတဲ့အနေအထားတွေကိုတွေ့ရပါတယ်။ တကယ်တမ်းတော့ ဒီအခြေအနေဖြစ်လာတယ်ဆိုတာကလည်း သူတို့ရဲ့ မှီတင်းနေထိုင်တဲ့ မြေယာအခွင့်အရေးဆုံးရှုံးမှုနဲ့လည်း အများကြီးသက်ဆိုင်နေပါတယ်။ သူတို့မှီတင်းနေထိုင်တဲ့ဒီမြေယာနဲ့ သဘာဝတောတောင်ရေမြေတွေသာ သူတို့အတွက် နဂိုအသက်ရှင်နေထိုင်မှုအတွက် လုံလောက်တဲ့အနေအထားနဲ့အခွင့်အရေးတွေသာ အပြည့်အဝရခဲ့မယ်ဆိုရင် သူတို့တွေကလည်းမိမိနေရင်းဒေသကိုစွန့်ခွာလာကြမှာမဟုတ်ဘူးတစ်ဖက်မှာလည်းသူတို့ရဲ့သဘာဝအလျောက်ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ သူတို့ရဲ့မူရင်းတာဝန်ယူလုပ်ကိုင်နေတဲ့လုပ်ငန်းတွေအပေါ်မှာလည်းသူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ အားလျော့သွားစရာအကြောင်းမရှိပါဘူး။ ဒါပေမဲ့လို့ ခုနပြောတဲ့ မြေယာအခွင့်အရေးတွေ ဆုံးရှုံးလာမှုတွေနဲ့ သဘာဝတရားရဲ့ပြောင်းလဲလာမှု ပျက်စီးယိုယွင်းလာမှုအမျိုးမျိုးသောဘေးဒဏ်တွေနဲ့ ကြုံတွေ့လာရမှုတွေဟာ ဌာနေတိုင်းရင်းသားတွေအပေါ်မှာများစွာ ဖိစီးနှိပ်စက်မှုရှိနေတဲ့အနေအထားကိုတွေ့ရပါတယ်။

တစ်ဖက်မှာ ကျွန်မတို့ အခွင့်အလမ်းအနေနဲ့ ကျွန်မတို့နိုင်ငံသည်ဒီမိုကရေစီလမ်းစဉ်ကိုပြုပြင်ပြောင်းလဲနေတဲ့မြန်မာနိုင်ငံလိုနိုင်ငံမှာ ကျွန်မတို့ဌာနေတိုင်းရင်းသားတွေဘယ်လိုအခွင့်အရေးမျိုးတွေရှိနေဦးမလဲဆိုတာကို စဉ်းစားကြည့်မယ်ဆိုရင်တော့ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေညာစာတမ်းကို သဘောတူထောက်ခံခဲ့သော နိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ UNDRIP ဆိုတာက ကျွန်မတို့မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်ရမဲ့လုပ်ငန်းစဉ်အထဲမှာ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးပြန်လည်စီရင်သုံးသပ်အစီရင်ခံစာထဲမှာလည်း ဆွေးနွေးတဲ့အချက်တွေထဲမှာလည်း ပါတယ်ဆိုတာကိုတွေ့ရပါတယ်။ နောက်ကျွန်မတို့မြန်မာနိုင်သည် လက်ရှိမှာ အမျိုးသားမြေယာအသုံးချမှုမူဝါဒကို ချမှတ်ပြီးတဲ့နောက်မှာ အမျိုးသားမြေယာဥပဒေကိုလည်း လက်ရှိရေးဆွဲနေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဒီအထဲမှာ ကျွန်မတို့ ဌာနေတိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းမြေယာကို အသိအမှတ်ပြုဖို့ အခွင့်အလမ်းတွေရှိလာတယ်ဆိုတာကိုတွေ့လာရပါတယ်။ တစ်ဖက်မှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ဆိုင်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေကိုပြန်လည်ပြုပြင်ပြောင်းလဲသတ်မှတ်တဲ့အထဲမှာလည်း ဌာနေတိုင်းရင်းသားနဲ့ ဒေသခံတိုင်းရင်းသားတွေထိန်းသိမ်းစောင့်ရှောက်တဲ့နယ်မြေတွေကို အသိအမှတ်ပြုမယ်ဆိုတဲ့ ကဏ္ဍတစ်ခုပေါ်ပေါက်လာတယ်ဆိုတာကိုတွေ့ရပါတယ်။ ကျွန်မတို့ ICCA ပေါ့ Indigenous Community Conserved Area ဥပဒေတွေ၊ မူဝါဒတွေထဲမှာတော့ ပုံစံတစ်မျိုးအနေနဲ့သုံးထားတာကိုတွေ့ရပါတယ် Community Protected Area ပေါ့နော် ဌာနေတိုင်းရင်းသားတွေ ထိန်းသိမ်းစောင့်ရှောက်တဲ့မြေတွေကို အသိအမှတ်ပြုဖို့ရှိလာတယ်။

ဒီအရာတွေဟာ ပွင့်လင်းလာတဲ့အခွင့်အလမ်းတွေဖြစ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံတကာစာချုပ်ဖြစ်တဲ့ Convention on Biological Diversity ပေါ့နော် ဇီဝမျိုးကွဲမျိုးစုံဆိုင်ရာ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ နိုင်ငံတကာ သဘောတူစာချုပ်တွေထဲမှာ ပါဝင်တဲ့ နာဂိုယာသဘောတူညီချက်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Assess and Benefit Sharing ဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာအသိပညာဗဟုသုတတွေကို လက်လှမ်းမှီရယူမှုနဲ့ အခွင့်အလမ်းတွေကို အကျိုးရလဒ်တွေပြန်ပြီးတော့ မျှဝေတဲ့ လုပ်ငန်းစဉ်ကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွေနဲ့ ဆောင်ရွက်လာတဲ့ မူဝါဒတွေပြုပြင်ပြောင်းလဲမှုကို တွေ့ရပါတယ်။ ဒါပေမဲ့ကျွန်မတို့အတွက် မူဝါဒတွေဥပဒေဘဲပြုပြင်ပြောင်း



လဲဖို့မဟုတ်ပါဘူး။ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ ထိထိရောက်ရောက်ရှိဖို့ဌာနေတိုင်းရင်းသားတွေရဲ့ပြောင်းလဲလာမှုကို လက်တွေ့လက်လှမ်းမှီပြီးတော့ လက်တွေ့ခံစားရရှိမှသာ ဒီပြောင်းလဲမှုတွေဟာ တကယ်ထိထိရောက်ရောက်ဖြစ်လာမှာဖြစ်ပါတယ်။ အဲ့တာတွေက ထိထိရောက်ရောက်ဖြစ်ဖို့အတွက် ကျွန်မတို့အားလုံးရဲ့ပူးပေါင်းဆောင်ရွက်မှု၊ ဝိုင်းဝန်းပံ့ပိုးပေးမှု၊ လက်တွဲဆောင်ရွက်ပြီးတော့မှ ထောက်ခံအားပေးဖို့ အများကြီးလိုအပ်ပါတယ်။ အထူးသဖြင့် Political Willပေါ့ နိုင်ငံရေးအရ ဒီအရာကိုတကယ့်ကိုပေါ့နော် သဘောထားကြီးစွာ ဒါမှမဟုတ်ရင်လည်း ပိုပြီးတော့မှ လိုက်လိုက်လျောလျောနဲ့ ဖော်ထုတ်ဖော်ဆောင်လာဖို့က အရမ်းကိုအရေးကြီးပါတယ်။

ကျွန်မတို့နိုင်ငံမှာတော့ တခြားသောနိုင်ငံရဲ့ အရေးပါတဲ့ တခြားသောကဏ္ဍတွေကို ဦးစားပေးနေတာတွေများနေတဲ့ အခါမှာ ဌာနေတိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေဟာဆိုရင် အရမ်းကြီးကိုရှေ့တမ်းမရောက်လာဘူးဆိုတာတော့ သုံးသပ်တွေ့ရှိရပါတယ်။ ဒီဌာနေတိုင်းရင်းသားတွေအခွင့်အရေးတွေကို လက်တွေ့မခံစားရသေးတဲ့အတွက် ဌာနေတိုင်းရင်းသားတွေ လက်ရှိခံစားနေရတဲ့ အခက်အခဲတွေကတော့ မြေယာအခွင့်အရေးဆုံးရှုံးမှုတွေနဲ့ ပက်သက်ပြီးတော့ အမျိုးမျိုးသောအခက်အခဲပြဿနာတွေက အဓိကဘဲဖြစ်ပါတယ်။ တစ်ဖက်မှာတော့ လူဖြစ်တဲ့ဘေးနဲ့သဘာဝပြုတဲ့ဘေးပေါ့နော်။ တစ်ဖက်မှာတော့ သဘာဝတရားအားဖြင့်ရာသီဥတုပြောင်းလဲမှုဒဏ်တွေကို ပိုပြီးခံစားလာရတဲ့အခါမှာ ဒီသဘာဝပတ်ဝန်းကျင်နဲ့နီးစပ်တဲ့ ဌာနေတိုင်းရင်းသားတွေရဲ့အသက်ရှင်နေထိုင်မှုအပေါ်မှာ အများကြီးပိုပြီးတော့မှ ထိခိုက်မှုရှိတယ်ဆိုတာကို ကျွန်မတို့တွေ့ရပါတယ်။ ဒီထိခိုက်လွယ်မှုထဲမှာတော့ ဌာနေတိုင်းရင်းသားများမှာမှ ဌာနေတိုင်းရင်းသူအမျိုးသမီးတွေရဲ့ ထိခိုက်မှုတွေကလည်း ပိုပြီးတော့ လိုအပ်ချက်ရှိနေတယ်ဆိုတဲ့အချက်ကလည်း သုတေသနပြုမှုရဲ့ သုံးသပ်မှုအခြေအနေတော်တော်များများမှာ ကျွန်မတို့တွေ့ရှိရတာဖြစ်ပါတယ်။


အဲ့ဒီအတွက်ကြောင့်မို့လို့ ဒီလက်ရှိမြန်မာနိုင်ငံနဲ့ ကမ္ဘာကအလေးပေးဆောင်ရွက်မှုတွေ ပြုနေတဲ့အနေအထားမှာ ကျွန်မတို့လက်ရှိ ၂၀၂၀ခုနှစ် အသစ်သော လူနေမှုပုံစံပေါ့နော် ကိုဗစ်ကာလကြီးမှာ ကျွန်မတို့ ဌာနေတိုင်းရင်းသားများနေ့ကို ပြန်လည်ဆင်ခြင်သုံးသပ်မိတဲ့အနေအထားမှာတော့ ကျွန်မတို့အနေနဲ့ အဓိကထောက်ခံဆွေးနွေးချင်တဲ့အချက်ကလေးတွေရှိပါတယ်။ ကျွန်မတို့ဒီနှစ်သည် ၂၀၂၀ခုနှစ် မြန်မာနိုင်ငံအတွက် မကြာခင်မှာ ရွေးကောက်ပွဲကျင်းပတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်ခင်မှာလည်း ၂၁ ရာစု ပင်လုံညီလာခံကျင်းပဖို့ဖြစ်ပါတယ်။ အဲ့ ၂၁ရာစုပင်လုံညီလာခံမှာကျင်းပဆွေးနွေးမဲ့ ဖယ်ဒရယ်ရေးရာ ဆွေးနွေးမှုတွေအားလုံးသည် ကျွန်မတို့ဌာနေတိုင်းရင်းသားအခွင့်အရေးများကို ပြည့်ပြည့်ဝဝ ထည့်သွင်းဆွေးနွေးနိုင်ဖို့၊ နောက်ပြီးတော့မှ ရွေးကောက်ပွဲကြေညာစာတမ်းတွေမှာလည်း ဌာနေတိုင်းရင်းသားအခွင့်အရေးတွေနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့မည်ပုံ ပြန်ပြီးတော့ ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက်ပေးမယ်ဆိုတဲ့အချက်တွေကို တိတိကျကျထည့်သွင်းဆွေးနွေးလာနိုင်ဖို့ ကျွန်မတို့အနေနဲ့တိုက်တွန်းချင်ပါတယ်။

နောက်ပြီးတော့မှ ဌာနေတိုင်းရင်းသားတွေအတွက် အခွင့်အရေးကို အခြေခံတဲ့ဖွံ့ဖြိုးတိုးတက်မှုပုံစံကို လိုချင်ပါတယ်ဆိုတဲ့ အချက်ကိုတင်ပြတောင်းဆိုချင်ပါတယ်။ အဲ့ဒီအထဲမှာမှ **Bottom Up Approach** ပေါ့၊ ပြည်သူလူထု ဌာနေတိုင်းရင်းသားတွေရဲ့ သဘောထားဆန္ဒကိုခံယူပြီးတော့ လုပ်ဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အထူးသဖြင့် လိုအပ်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်ဖို့အတွက်လည်း **UNDRIP** ထဲမှာဖော်ပြထားတဲ့ **FPIC** လူထုကိုကြိုတင်အသိပေးတိုင်ပင်ပြီးတော့မှ သဘောထားရယူတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျအကောင်အထည်ဖော်ပြီးတော့မှ လုပ်ဆောင်လာတဲ့ ဖွံ့ဖြိုးရေးတွေကို ကျွန်မတို့နိုင်ငံမှာ လာမဲ့အစိုးရသက်တမ်းမှာ မျှော်လင့်ချင်ပါတယ်။ နောက်ပြီးတော့မှ ကျွန်မတို့ ပြုပြင်ပြောင်းလဲလာတဲ့ ဥပေဒတွေ မူဝါဒတွေတစ်ခုနဲ့ တစ်ခုကိုက်ညီမှုရှိဖို့ ဆက်စပ်မှုရှိပြီးတော့မှ အကောင်အထည်ဖော်တဲ့အခါမှာ အထိရောက်ဆုံးလုပ်ဆောင်နိုင်တဲ့ လုပ်ငန်းစဉ်တွေဖြစ်လာဖို့လည်း ကျွန်မတို့အနေနဲ့ တိုက်တွန်းအားပေးချင်ပါတယ်။

ကျွန်မတို့ဌာနေတိုင်းရင်းသားများသည် တကယ့်သဘာဝသယံဇာတပေါ်မှာ အကောင်းဆုံး ထိန်းသိမ်းစောင့်ရှောက်တဲ့ တန်ဖိုးရှိတဲ့ လူသားများဖြစ်သည့် အားလျော်စွာ ကျွန်မတို့ ဌာနေတိုင်းရင်းသားအခွင့်အရေးတွေကိုမြှင့်တင်နိုင်ခြင်းအားဖြင့် တန်ဖိုးရှိတဲ့လူသားတွေရဲ့အကျိုးကို ကာကွယ်ပေးမဲ့ နောက်ပြီးတော့ စောင့်ရှောက်ပေးနိုင်တဲ့ လူသားတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ သဘာဝပတ်ဝန်းကျင်ကို အတူတွဲပြီးတော့ ကျွန်မတို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ဒီနေ့ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့မှာ ကျွန်မတို့ ဒီအချက်များကို အထူးအလေးထားဆောင်ရွက်ပေးစေလိုတဲ့အတွက် အားလုံးကို ပူးပေါင်းပါဝင်ဖို့အနေနဲ့ ကျွန်မဖိတ်ခေါ်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဒါရိုက်တာ – နော်အိအိမင်း
ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

# ၂၀၂၁ခုနှစ် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့် အောက်ဖော်ပြပါ ဒေသများနှင့် အပင်အမျိုးအစားများကို စိုက်ပျိုးခဲ့ပါသည်



**ဂုတ်ကြီးကျေးရွာ** (မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်)

ခါတော်မီပင် - ၂၀
ချယ်ရီပင် - ၁၅၀

စုစုပေါင်း - ၁၇၀

**ဘုံးဘောကျေးရွာ** (မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်)

ကျွန်းပင် - ၂၀၀
ယင်းမာပင် - ၄၀၀
စိန်ပန်းပြာပင် - ၁၀၀
စိန်ပန်းနီပင် - ၅၀
မယ်ဇလီပင် - ၄၀၀
ဇန်ဒါပင် - ၁၀၀
ကံ့ကော်ပင် - ၁၀၀
ပျဉ်းကတိုးပင် - ၁၀၀
ချယ်ရီပင် - ၁၀၀

စုစုပေါင်း - ၁၅၅၀

**ပန်းဆုံကျေးရွာ** (မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊)

ကျွန်းပင် - ၅၀၀

စုစုပေါင်း - ၅၀၀

**တောင်းခန်းကျေးရွာ** (ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊)

ရေသင်းဝင်ပင် - ၁၇၀၀
ကျွန်းပင် - ၅၀၀
ပိတောက်ပင် - ၁၅၀
သရက်ပင် - ၁၀၀
ထောပတ်ပင် - ၅၀
ခါတော်မီပင် - ၁၀၀
မယ်ဇလီပင် - ၂၀၀

စုစုပေါင်း - ၂၈၀၀

**သိမ်ကုန်းကျေးရွာ** (ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်)

ခါတော်မီပင် - ၁၀၀
ချယ်ရီပင် - ၂၀

စုစုပေါင်း - ၁၂၀

**ရေပြုကန်ကျေးရွာ** (ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းအုပ်စု၊)

ခါတော်မီပင် - ၅၃၄
စိန်ပန်းပင် - ၆

စုစုပေါင်း - ၅၄၀

## စုစုပေါင်းစိုက်ခဲ့သည့် အပင်အမျိုးအစားနှင့် အရေအတွက်

| အပင်အမျိုးအစား | အရေအတွက် |
|---|---|
| ရေသင်းဝင်ပင် | ၁၇၀၀ |
| ကျွန်းပင် | ၁၂၀၀ |
| ပိတောက်ပင် | ၁၅၀ |
| သရက်ပင် | ၁၀၀ |
| ထောပတ်ပင် | ၅၀ |
| ခါတော်မီပင် | ၇၅၄ |
| မယ်ဇလီပင် | ၆၀၀ |
| စိန်ပန်းပင် | ၆ |
| ချယ်ရီပင် | ၂၇၀ |
| ယင်းမာ | ၄၀၀ |
| စိန်ပန်းပြာ | ၁၀၀ |
| စိန်ပန်းနီ | ၅၀ |
| ဇန်ဒါပင် | ၁၀၀ |
| ကံ့ကော် | ၁၀၀ |
| ပျဉ်းကတိုး | ၁၀၀ |
| စုစုပေါင်း | ၅၆၈၀ |